

# မြန်မာနိုင်ငံအနှံ့ကျယ်ပြန့်လာသော အာရက္ခတပ်တော်၏ တော်လှန်မဟာမိတ်များ

**အာရက္ခလေ့လာရေးစင်တာ**

အောက်တိုဘာ ၂၀၊ ၂၀၂၅

## အာရက္ခလေ့လာရေးစင်တာအကြောင်း

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။

စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒအကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

©၂၀၂၄ အာရက္ခလေ့လာရေးစင်တာ၊ ရက္ခိုင်ပြည်။

မျက်နှာဖုံးဓာတ်ပုံ – The New Humanitarian

ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org

## Table of Contents


အနှစ်ချုပ် ....... 4

အခန်း ၁ ....... 5

မိတ်ဆက် ....... 5

က။ ။ အစီရင်ခံစာ၏ နောက်ခံအကြောင်းအရာ ....... 5

ခ။ ။ စာပေသုံးသပ်ချက်များ ....... 5

ဂ။ ။ အာရက္ခတပ်တော်ဖွဲ့စည်းခြင်း၏ နောက်ခံအကျဉ်း ....... 8

အခန်း ၂ ....... 9

အရှေ့မြောက်မြန်မာပြည်၌ အာရက္ခတပ်တော် ကြီးထွားလာမှုနှင့် မဟာမိတ်များကို ရှာဖွေခြင်း (၂၀၀၉ တည်ထောင်ချိန်မှ ၂၀၂၀ အပစ်အခတ်ရပ်စဲရေးအထိ) ....... 9

အခန်း (၃) ....... 11

အာရက္ခတပ်တော်၏ လှုပ်ရှားမှုများ တိုးချဲ့လာမှု၊ ပြင်ဆင်မှုနှင့်တွက်ချက်မှုများ ....... 11

အခန်း (၄) ....... 16

မြန်မာပြည်အနောက်ပိုင်းဒေသတွင်း အာရက္ခတပ်တော်၏ ဩဇာလွှမ်းမိုးမှု နှင့် နိုင်ငံတဝှမ်း စစ်အာဏာရှင်တော်လှန်ရေးတွင် အာရက္ခတပ်တော်၏ အခန်းကဏ္ဍ ....... 16

က။ ။ ၁၀၂၇ စစ်ဆင်ရေးနှင့် အာရက္ခတပ်တော် ....... 16

ခ။ ။ အာရက္ခတပ်တော် ၏ စစ်ရေးမဟာမိတ်အသစ်များ တည်ဆောက်ခြင်း ....... 17

အခန်း (၅) ....... 23

နိဂုံး ....... 23

# အနှစ်ချုပ်

- ကချင်လွတ်မြောက်ရေး တပ်မတော်(ကေအိုင်အေ) ထိန်းချုပ်ရာ နယ်မြေအတွင်း ရဲဘော် ၂၆ယောက်ဖြင့် စတင်ဖွဲ့စည်းခဲ့သော ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် / အာရက္ခတပ်တော် သည် ပြီးခဲ့သည့် ၁၆နှစ်တာ ကာလအတွင်း၌ တဖြည်းဖြည်းအင်အားကြီးမားလာခဲ့ပြီး ရခိုင်ပြည်နယ်၏ နယ်မြေ ၉၀ ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်သိမ်းပိုက်လာနိုင်ကာ တပ်ဖွဲ့ဝင်အင်အား ၅၀၀၀၀ ဝန်းကျင်အထိ အင်အားကြီးမားလာခဲ့သည်။ ထိုသို့ ပြောင်းလဲတိုးတက်လာခြင်းသည်ပင်လျှင် ခေတ်သစ်မြန်မာပြည်၏ တော်လှန်ပုန်ကန်ခြင်းဖြစ်စဉ်များ အားကောင်းလာခြင်းကို သိသာစွာ မီးမောင်းထိုးပြနေသည်။

- ယခင်ရှိခဲ့သည့် ရခိုင်တော်လှန်ရေး လှုပ်ရှားမှုများနှင့် မတူညီစွာပင် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် / အာရက္ခတပ်တော်အနေဖြင့် လူသူလက်နက် အရင်းအမြစ်များ စုဆောင်းရှာဖွေခြင်း၊ မဟာမိတ်များ တည်ဆောက်ခြင်းနှင့် လူမျိုးစုအခြေပြု တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို မဟာဗျူဟာကျကျ ချမှတ်ဆောင်ရွက်နိုင်ခဲ့သည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများတွင် မဟာမိတ်များဖြင့် ပူးတွဲလှုပ်ရှား တိုက်ပွဲများ ဆင်နွှဲခြင်းတို့ကြောင့် ကချင်၊ ကိုးကန့်၊ တအောင်းနှင့် ရှမ်းလက်နက်ကိုင် အဖွဲ့အစည်းများနှင့် နီးကပ်သည့်ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်ချက်များကြောင့် ကချင်ပြည်နယ်တွင် အခြေစိုက်စခန်းတခု တည်ဆောက်နိုင်ခဲ့သည့်အပြင် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာကွန်ယက်များ ကောင်းမွန်စွာ တည်ဆောက်နိုင်ခဲ့ပြီး အခြားသောလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် သဘောထားမတိုင်ဆိုင်မှုများ မရှိအောင်လည်း ဆောင်ရွက်နိုင်ခဲ့သည်။

- ကချင်လွတ်မြောက်ရေး တပ်မတော်၊ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်၊ အာရက္ခတပ်တော် (အေအေ) နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်ကဲ့သို့ အဖွဲ့အစည်းများနှင့် မဟာမိတ်အဖြစ် ပူးပေါင်းဆောင်ရွက်ပြီး စစ်ရေးဆိုင်ရာ အထောက်အပံ့များကို မျှဝေတည်ဆောက်နိုင်ခဲ့သည်။ လက်နက်တပ်ဆင်ခြင်းနှင့် လေ့ကျင့်သင်ကြားမှုများအပြင် ရှမ်းပြည်မြောက်ပိုင်းတိုက်ပွဲများတွင် ထောင်နှင့်ချီသော အေအေ တပ်ဖွဲ့ဝင်များက မဟာမိတ်များနှင့် ပူးတွဲတိုက်ပွဲဝင်ခဲ့ကြသည်။ ထိုကဲ့သို့ မဟာမိတ်များနှင့် ပူးတွဲတိုက်ပွဲဝင်ခဲ့သည့်အတွက် အေအေအနေဖြင့် စစ်ရေးအတွေ့အကြုံ ကြွယ်ဝလာသည့်အပြင် အာဏာသိမ်းစစ်တပ်၏ဖိအားကို တွန်းကန်နိုင်သည့်အတွက် နိုင်ငံရေးဆိုင်ရာ ဂုဏ်လည်း မြင့်မားလာခဲ့သည်။

- ၂၀၂၁ခုနှစ် မြန်မာစစ်တပ်၏ အာဏာသိမ်းမှုသည်ပင်လျှင် အေအေအား အင်အားတိုးတက်လာစေသည့်အပြင် နယ်မြေအများအပြားကို သိမ်းပိုက်နိုင်စေခဲ့သည်။ နိုင်ငံတခုလုံး၌ စစ်အာဏာသိမ်းမှုအား ဆန့်ကျင်ခြင်းများ မြင့်တက်နေသည့်အချိန်တွင် အေအေ အနေဖြင့် မြန်မာစစ်တပ်နှင့် အပစ်ခတ်ရပ်စဲထားပြီး လူမျိုးစုဒေသများနှင့် ဗမာဒေသများမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ပေါင်း ၃၀ကျော်ခန့်အား အကူအညီပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းများဆောင်ရွက်ခဲ့သည်။ ထိုသည်ပင်လျှင် အေအေအား တနိုင်ငံလုံးဆိုင်ရာ တော်လှန်ပုန်ကန်မှုများ၏ အခရာကျသော အဖွဲ့တခုအဖြစ် ပုံဖော်လာနိုင်ခဲ့သည်။

- ရခိုင်ဒေသတွင် နယ်မြေအများအပြားသိမ်းပိုက်နိုင်ခဲ့သည့်အပြင် ချင်းပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းတို့တွင်ပါ အေအေ၏ လွှမ်းမိုးနိုင်စွမ်းကို ချဲ့ထွင်နိုင်ခဲ့သည်။ မဟာဗျူဟာအရ အရေးပါသည့် မြန်မာပြည်မြောက်ပိုင်းမှ မဟာမိတ်များကို ကောင်းမွန်အားကောင်းစွာ တည်ဆောက်နေနိုင်သည့်အပြင် အမိမြေ (ရခိုင်ပြည်) လုံခြုံရေးနှင့် မြန်မာနိုင်ငံ၏ အနာဂတ်တွင် နိုင်ငံရေးဆိုင်ရာ အဆင့်အတန်းတခု မြင့်မားစွာရှိနေရန်အတွက် နိုင်ငံအနောက်ဘက်ဒေသမှ မဟာမိတ်များနှင့်လည်း ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်နိုင်ခဲ့သည်။

# အခန်း ၁

## မိတ်ဆက်

### က။ ။ အစီရင်ခံစာ၏ နောက်ခံအကြောင်းအရာ

ဤအစီရင်ခံစာသည် အာရကန် (ရခိုင်) ဒေသအပြင်ဘက် မြန်မာနိုင်ငံအတွင်းရှိ အာရက္ခတပ်တော် (ယခင်- ရက္ခိုင့်တပ်တော် (AA))၏ လှုပ်ရှားဆောင်ရွက်ချက်များကို လေ့လာရန်ဖြစ်သည်။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ အထူးသဖြင့် ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသတို့တွင် အာရက္ခတပ်တော်၏ ပေါ်ထွန်းအားကောင်းလာမှုအားလေ့လာရန် အဓိက ရည်ရွယ်သည်။ ထိုသိုလေ့လာခြင်းဖြင့် အထက်ပါဒေသများတွင် အာရက္ခတပ်တော်၏ လှုပ်ရှားဆောင်ရွက်မှုများကို လေ့လာဆန်းစစ်ရန်၊ အာဏာသိမ်းမှုနောက်ပိုင်း ပေါ်ထွက်လာသော လက်နက်ကိုင်ဆန့်ကျင်သည့် အဖွဲ့အစည်းများအား အာရက္ခတပ်တော်၏ ထောက်ပံ့မှုများကို လေ့လာရန်၊ ၂၀၂၃ အောက်တိုဘာ ၂၇ ရက်နေ့တွင် စတင်ခဲ့သော "၁၀၂၇" စစ်ဆင်ရေးအတွင်း အာရက္ခတပ်တော်၏ ပါဝင်ပတ်သက်မှုများကိုလေ့လာရန်နှင့် ၎င်း၏ တနိုင်ငံလုံးဆိုင်ရာနိုင်ငံရေးကဏ္ဍများတွင် အဓိက ပါဝင်ဆောင်ရွက်သူအဖြစ်တည်ရှိလာခြင်းနှင့် မြန်မာပြည်အနောက်ပိုင်းလက်နက်ကိုင်ပုန်ကန်မှုများ၏ အဓိကအရေးအကြီးဆုံးနှင့် အလွှမ်းမိုးနိုင်ဆုံးအဖွဲ့အဖြစ်တည်ရှိလာခြင်းတို့ကို လေ့လာရန်ဖြစ်သည်။

ဤမိတ်ဆက်ကဏ္ဍအပြင် အစီရင်ခံစာအား အပိုင်း (၄) ပိုင်းဖြင့် ခွဲခြားတင်ပြထားသည်။ အစီရင်ခံစာ၏ ဒုတိယပိုင်းတွင် ကချင်၊ ကိုးကန့်၊ တအောင်းနှင့် 'ဝ' ဒေသများအပါအဝင် မြန်မာပြည်မြောက်ပိုင်းတွင် အာရက္ခတပ်တော်၏ အင်အားကြီးမားလာပုံကို အသေးစိတ်ဖော်ပြထားသည်။ ထိုအချက်အလက်များသည် အာရက္ခတပ်တော်၏ မြန်မာနိုင်ငံအခင်းအကျင်းအားပုံဖော်မှု၊ လူမျိုးစုများ၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်မှု၊ အရင်းအမြစ်စုစည်းရှာဖွေမှုနှင့် ၎င်းဒေသများ၏ ဒေသခံမဟုတ်သည့်အဖွဲ့အစည်းတခုအဖြစ် အာရက္ခတပ်တော်၏ ဖြစ်တည်လာမှုကို လေ့လာကာ မီးမောင်းထိုးပြထားခြင်းဖြစ်သည်။ အစီရင်ခံစာ၏ တတိယအပိုင်းသည် ၂၀၂၁ အာဏာသိမ်းမှုနောက်ပိုင်း အစောပိုင်းကာလတွင် အာရက္ခတပ်တော်အနေဖြင့် ၎င်း၏ အခန်းကဏ္ဍအား ချဲ့ထွင်ခဲ့သည့်အကြောင်းကိုလေ့လာသည်။ ဗမာအများစုနေထိုင်ရာ ဒေသများနှင့် လူမျိုးစုများ၏ နယ်စပ်ဒေသများတွင် အာဏာသိမ်းမှုနောက်ပိုင်း အသစ်ပေါ်ထွန်းလာခဲ့သော တော်လှန်ပုန်ကန်ရေးအင်အားစုများအပေါ် အာရက္ခတပ်တော်ခေါင်းဆောင်များ၏ ထောက်ခံထောက်ပံ့မှုများအား လေ့လာသည့်အပြင် စစ်အာဏာရှင်ဆန့်ကျင်ရေးအပေါ် အာရက္ခတပ်တော်၏ အခန်းကဏ္ဍအား NUG ၏ ရှုမြင်ပုံကို လေ့လာထားခြင်းဖြစ်သည်။ နောက်ဆုံးအပိုင်းတွင်ကား အေအေ၏ နယ်မြေအများအပြားကို သိမ်းပိုက်ထိန်းချုပ်လာနိုင်မှုနှင့် ၁၀၂၇ စစ်ဆင်ရေးအတွင်း ၎င်း၏ပါဝင်မှုကို လေ့လာခြင်းဖြစ်သည်။ ထိုလေ့လာချက်တွင် ရခိုင်ရိုးမအရှေ့ပိုင်းဒေသနှင့် ချင်းညီနောင်အဖွဲ့များ ထိန်းချုပ်ထားသည့် ချင်းပြည်တောင်ပိုင်းဒေသများ၏ အာရက္ခတပ်တော်အမာခံ မဟာမိတ်နယ်မြေများအကြောင်းကို ဆွေးနွေးတင်ပြထားသည်။ ဤအစီရင်ခံစာသည် ၎င်းတို့၏ ဒေသခံနယ်မြေများကိုကျော်လွန်၍ လူမျိုးစုများ၏ အမျိုးသားရေးလှုပ်ရှားမှုများနှင့် မြန်မာနိုင်ငံ၏ ကျယ်ပြန့်သော နိုင်ငံရေးအခင်းအကျင်းတွင် အာရက္ခတပ်တော်၏ အဓိကကျသော ပါဝင်ပတ်သက်မှုများကို လေ့လာရန် အစပြုသည့် ခြေလှမ်းဖြစ်သည်။

### ခ။ ။ စာပေသုံးသပ်ချက်များ

ပြည်တွင်းလက်နက်ကိုင်ပြဿနာများ၏ ဇာတ်ကြောင်းများအရ မဟာမိတ်ဆက်ဆံရေး နိုင်ငံရေးသည် ၎င်းဖြစ်စဉ်များ၏ အောင်မြင်မှု၊ ရေရှည်တည်ရှိမှု၊ လက်နက်ကိုင်လှုပ်ရှားများ၏ တရားဝင်စေမှုကို ပုံဖော်ရန်အတွက် အဓိကအရေးပါသည်။ နိုင်ငံများ၏ ပြည်တွင်းအရေးအခင်းများတွင် လက်နက်ကိုင်အဖွဲ့အစည်းများ တည်ရှိနေမှုသည် ၎င်းနိုင်ငံ၏ ရှုပ်ထွေးပြီး ကွဟချက်များရှိနေသည့် အရင်းအမြစ်ဆိုင်ရာခွဲဝေမှု၊ နယ်မြေထိန်းချုပ်မှု၊ တရားဝင်မှုနှင့် နိုင်ငံရေးရည်ရွယ်ချက်မတူညီမှုကို ဖော်ပြသည်။ ထိုအချက်များကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ၎င်းတို့၏ မိခင်နယ်မြေပြင်ပ၌ လှုပ်ရှားမှုများ၊ မဟာဗျူဟာကျကျ မဟာမိတ်ဖွဲ့စည်းခြင်း၊ လက်နက်ကိုင်အင်အားစုများ ဖွဲ့စည်းခြင်းများသည် နည်းဗျူဟာပိုင်းဆိုင်ရာ လိုအပ်ချက်အနေဖြင့်သာမက ၎င်းတို့၏ နိုင်ငံရေးပန်းတိုင်များကို ပြည့်မီရန်အတွက် ဗဟာဗျူဟာကျသောကဏ္ဍများ ဖြစ်လာသည်။ မြန်မာနိုင်ငံကဲ့သို့သော ပြည်တွင်းအရေးအခင်းများကို ခြေရာကောက်လေ့လာကြည့်လျှင် လက်နက်ကိုင်အဖွဲ့များအနေဖြင့် သီးခြားလှုပ်ရှားခြင်းရှားပါးပြီး အများအားဖြင့် မဟာမိတ်များဖွဲ့စည်းခြင်း၊ ဒေသများအကြား စည်းလုံးညီညွတ်မှုတည်ဆောက်ခြင်းနှင့်

အပြည်အလှန်ကူညီခြင်းများကို တွေ့ရှိရသည်။ ဤအခန်းသည် မတူညီသော သီအိုရီ ဇာတ်ကြောင်းများကို မူတည်ကာ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် / အာရက္ခတပ်တော် (ULA/AA) အနေဖြင့် မည်ကဲ့သို ရခိုင်ဒေသအပြင်ဖက်၌ လှုပ်ရှားမှုများ ဆောင်ရွက်သည်ကို လေ့လာရန်နှင့် မည်သည့်အတွက်ကြောင့် ထိုကဲ့သို့ ဗျူဟာနှင့် ခြေလှမ်းများ ဆောင်ရွက်သည်ကို လေ့လာရန်ဖြစ်သည်။

လက်နက်ကိုင်အဖွဲ့အစည်းများ၏ ၄င်းတို့ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အခြေခံနယ်မြေ ပြင်ပတွင်လှုပ်ရှားသည့် ခြေရာများနှင့် ပတ်သက်သည့် ကွဲပြားသော သီအိုရီများစွာနှင့် ပညာရပ်ဆိုင်ရာ စာပေများ၊ လေ့လာချက်များရှိသည်။ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော်၏ မြန်မာနိုင်ငံတစ်ဝှမ်းရှိ လှုပ်ရှားမှုများ အထူးသဖြင့် ရခိုင်ပြည်နယ် အပြင်ဘက်သို့ ဖြန့်ကျက်သည့် လှုပ်ရှားမှုများကို အခြေခံပြီး လက်နက်ကိုင်လှုပ်ရှားမှုသီအိုရီများ၊ ပဋိပက္ခလေ့လာမှုများနှင့် ပထဝီနိုင်ငံရေးများကိုအခြေခံ၍ ဤစာတမ်းတွင် ဆန်းစစ်လေ့လာထားခြင်းဖြစ်သည်။ မဟာမိတ်နိုင်ငံရေးဆိုင်ရာအတွေးအခေါ် ပထမအဆင့်အရ၊ ပဋိပက္ခဖြစ်ပွားနေသည့်နိုင်ငံများတွင် ပြင်ပခိုအောင်းရာများကို ရှာဖွေခြင်းမှာ တော်လှန်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ စည်းရုံးခြင်းနှင့် ရှင်သန်နေထိုင်နိုင်ရေးအတွက် အဓိကအကြောင်းပြချက်တစ်ခုဖြစ်သည်။ နိုင်ငံအတွင်း အုပ်ချုပ်နိုင်စွမ်းအားနည်းသည့် ဒေသများတွင် တခါတရံ နိုင်ငံနယ်နိမိတ်ဝန်းကျင်ဒေသများတွင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များသည် ၎င်းတို့၏ အင်အားကြီးထွားရေးနှင့် စစ်ရေးလှုပ်ရှားမှုများအတွက် ပိုမိုလုံခြုံသောနယ်မြေများကို ရှာဖွေကြသည်။

Salehyan(၂၀၀၇)၏ အဆိုအရ ထိုကဲ့သို့ ခိုလှုံရာနေရာများရှိခြင်း က လက်နက်ကိုင်အဖွဲ့အစည်းများအား နိုင်ငံတော်မှ ပြစ်ဒဏ်ပေးရန် ခက်ခဲစေခြင်း၊ ထောက်ပံ့ပို့ဆောင်ရေး အဆင်ပြေစေခြင်းနှင့် လူသူအင်အားစုရာတွင် ပိုလုံခြုံစေခြင်းစသော အကျိုးများဖြစ်ထွန်းစေသည်။ Salehyan ၏ လေ့လာမှုတွင် နယ်နိမိတ်ဖြတ်လွှားသော လုံခြုံဒေသများ (cross-border sanctuaries) ကို အဓိကထား၍ ပြည်တွင်းစစ်ပွဲပေါ်ပေါက်မှုနှင့် ဆက်လက်တည်ရှိနိုင်မှု၏ဖြစ်နိုင်ခြေများနှင့်ဆက်စပ်၍ ရှင်းလင်းဖော်ပြထားသည်။ ထိုအတွေးအခေါ်သည် တူညီသောပြည်နယ်အတွင်းရှိ အစိုးရထိန်းချုပ်မှုမရှိသည့်ဒေသများ၊ ဥပမာအားဖြင့် လူမျိုးရေးလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသည့်ဒေသများကဲ့သို့သော ပြည်တွင်းလုံခြုံဒေသများတွင်လည်း လက်လှမ်းမီသဖြင့် အသုံးချနိုင်သည်။ ထိုကဲ့သို့သောဒေသများသည်လည်း လက်နက်ကိုင်အဖွဲ့အစည်းအသစ်များ ပေါ်ပေါက်လာနိုင်ရန်အတွက် ပိုမိုလုံခြုံသည့်နေရာများအဖြစ် လုပ်ဆောင်ပေးနိုင်သည်။ Staniland(၂၀၁၂) မှ ထိုအခြေအနေအား တော်လှန်ရေးအဖွဲ့အစည်းများအနေဖြင့် လွတ်မြောက်နယ်မြေ များတွင် မှီခိုနေထိုင်ခြင်းသည် ထိုဒေသကို ကာကွယ်ရန်နှင့် ထိုဒေသတွင်လှုပ်ရှားမှုများပြုလုပ်ရန် နိုင်ငံရေးနှင့် လူမျိုးရေးအရ ပိုအဆင်ပြေစေသည်။ ၄င်းဒေသများကို ဗဟိုအစိုးရက ထိန်းချုပ်ရန် ခက်ခဲပါက ပိုမိုဖြစ်နိုင်ခြေရှိသည် ဟု ဆိုသည်။

အခြားတဖက်တွင် တော်လှန်ရေး သို့မဟုတ် လက်နက်ကိုင်အဖွဲ့အစည်းများသည် ၄င်းတို့ရေရှည် ရပ်တည်ရေးနှင့် ဘုံရန်သူကို ခြေမှုန်းနိုင်ရေးအတွက် မဟာမိတ်ဖွဲ့ကြလေ့ရှိသည်။ မဟာမိတ်ဖွဲ့ခြင်းနှင့် ပတ်သက်ပြီး ခရစ်စတီးနား(၂၀၁၂)မှ မှတ်ချက်ပြုသည်မှာ မဟာမိတ်ဖွဲ့ခြင်းသည် နိုင်ငံရေးယူဆချက်များကြောင့်သာမကပဲ အာဏာမျှဝေခြင်းနှင့် မဟာဗျူဟာအရလည်း ဖြစ်နိုင်သည်ဟုဆိုသည်။ ထိုသို့မဟာမိတ်ဖွဲ့ခြင်းဖြင့် ပူးတွဲစစ်ဆင်ရေးများ ဆောင်ရွက်နိုင်ပြီး စစ်ရေးဆိုင်ရာအရင်းအမြစ်များ ပိုမိုခိုင်မာအားကောင်းလာစေကာ တခြားဒေသများသို့လည်း ၄င်းတို့၏ လွှမ်းမိုးမှုကို တိုးချဲ့နိုင်စေသည်။ Corradi (2023)မှလည်း ၄င်းပုံစံတူ အတွေးအခေါ်ကို ချပြခဲ့သည်။ မဟာမိတ်ဖွဲ့ခြင်းနှင့် ပတ်သက်ပြီး ခရစ်တီးနား၏ အမြင်ကို ချဲ့ကားရလျှင် Corradi မှ ပါဝါနိုင်ငံရေးနှင့် ဖြစ်တည်မှုပုံစံ နိုင်ငံရေးအား မဟာမိတ်ဖွဲ့မှုမှ တဆင့် ချိတ်ဆက်နိုင်ကြောင်းဆိုသည်။ Corradi ၏ ယူဆချက်ကို ပုံစံအားဖြင့် ၂မျိုးခွဲနိုင်သည်။ ၄င်းတို့မှာ မဟာမိတ်ဖွဲ့ခြင်း၏ ပန်းတိုင် (မဟာဗျူဟာ နှင့် နည်းဗျူဟာ)နှင့် အတွင်းပိုင်းဖွဲ့စည်းမှု(တစ်သားတည်းဖြစ်တည်မှုနှင့်ကွဲပြားမှု)တို့ ဖြစ်သည်။ Akcinaroglu (2012) မှ သူပုန်များ ပူးပေါင်းဆောင်ရွက်မှုသည် ပြည်တွင်းစစ်ကို သက်ရောက်မှု ကြီးမားစေပြီး ၄င်းအဖွဲ့များ၏ တောင့်ခံနိုင်မှုနှင့် အောင်မြင်နိုင်စွမ်းရည်များကို တိုးတက်စေသည်ဟု ဆိုသည်။ ၁၉၄၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ၃၄၅ အရေအတွက်ရှိ အဖွဲ့အစည်းများ ပြည်တွင်းစစ်တွင် ပါဝင်ခဲ့ပြီး ၁၈၁ခုသော အဖွဲ့အစည်းများ (၅၂ရာခိုင်နှုန်းအထက်)သည် ဗဟိုအစိုးရကို ရင်ဆိုင်ရန်အတွက် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်။ ထို့အပြင် သူပုန်အဖွဲ့အစည်းများ ပေါင်းစည်းကြခြင်းသည် တိုက်ပွဲများအောင်နိုင်ရန်နှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မဟာဗျူဟာအရ အသာစီးရစေနိုင်ရန်ဖြစ်သည်ဟု စာရေးသူက ဆိုသည်။

မဟာမိတ်ဖွဲ့ခြင်း သဘောတရားနှင့် တူညီစွာပင် လူမျိုးစုများသွေးစည်းညီညွတ်ရေးသီအိုရီအရ လူမျိုးစု ဖြစ်တည်မှု အပြန်အလှန်မျှဝေခြင်း သို့မဟုတ် သူပုန်အဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းသည် ၄င်းတို့၏ မိရိုးဖလာနယ်မြေ အပြင်ဖက်များတွင်လည်း ဖြစ်နိုင်သည်။ လူမျိုးစုများသွေးစည်းညီညွတ်ရေးသီအိုရီ အရ လူမျိုးစုဖြစ်တည်မှု အပြန်အလှန်မျှဝေခြင်း

သို့မဟုတ် သူပုန်အဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းသည် ၎င်းတို့၏ မိရိုးဖလာနယ်မြေများကို ကျော်လွန်ပြီးလည်း ဖြစ်နိုင်သည်။ Cederman, Gleditsch, and Buhaug (၂၀၁၃)အရ လူမျိုးစုဒေသများရှိ နိုင်ငံရေးနှင့် စီးပွားရေးမညီမျှမှု အခြေအနေများက အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်စေပြီး ၎င်းတို့၏ နယ်မြေများကို ကျော်လွန်ကာ မဟာမိတ်ဖွဲ့မှု ဖြစ်လာစေနိုင်သည်ဟု ဆိုသည်။ ထိုကဲ့သို့ မဟာမိတ်ဖွဲ့မှုများသည် ပါဝင်သူများခံစားခဲ့ရသော ဖယ်ကြဉ်ခံမှုအတွေ့အကြုံများကြောင့် ရေရှည်ခိုင်မာစေပြီး တော်လှန်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် လူမျိုးစုများအကြား သွေးစည်းညီညွတ်ရေးကို ဖြစ်စေသည်။

ဆက်လက်၍ Topal (2024)မှ သူပုန်များမဟာမိတ်ဖွဲ့မှုဆိုင်ရာ သီအိုရီကို မိတ်ဆက်ရာ မဟာမိတ်ဖွဲ့စည်းခြင်းကို ပုံဖော်စေသော အဓိကအကြောင်းရင်း ၃ မျိုးရှိပြီး ၎င်းတို့မှာ သူပုန်နှင့် ပြည်သူဆက်ဆံရေး၊ သူပုန်အချင်းချင်းဆက်ဆံရေးနှင့် သူပုန်များအား ကျောထောက်နောက်ခံပြုမှုဆိုင်ရာ ဆက်ဆံရေးတို့ဖြစ်သည်။ ထိုအဖွဲ့အစည်းများသည် ဖော်ပြပါဆက်ဆံရေးပုံစံများမှတဆင့် ညီညွတ်သောအင်အားစုများ ဖြစ်စေပြီး မဟာမိတ်များနှင့် ပြည်သူ့ထောက်ခံမှုကို မျှဝေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုကောင်းလာစေနိုင်သည်။ ထိုဆက်ဆံရေးဖြင့် ချဉ်းကပ်ခြင်းသည် ပုန်ကန်ခြင်းဆိုင်ရာမဟာမိတ်ဖွဲ့မှုအပြင် လူမျိုးစုများ သွေးစည်းညီညွတ်ခြင်းကို လွှမ်းမိုးမှုရှိကြောင်း နားလည်စေနိုင်သည်။ Kruse (2023) မှ လူမှုရေးဆိုင်ရာ အမြင်များကလည်း လူမျိုးစုများ၏ ဆက်ဆံရေးကို ပိုကောင်းစေနိုင်သည်ဟုဆိုသည်။ သူ၏ လေ့လာချက်အရ လူများစုဖြစ်သော လူမျိုးစုဝင်များသည် တခြားသော လူနည်းစု လူမျိုးစုများထက် ၎င်းတို့၏ လူများစု လူမျိုးစုဝင်များကို ပိုထောက်ခံကြကြောင်းဆိုသည်။

သို့ရာတွင် လူမျိုးစုစုံလင်မှု တိုးလာသည့်နှင့်အမျှ လူနည်းစုများသည် ထိုက်တန်မှုလည်း နည်းသည် ဆိုသည့် သတ်မှတ်ချက်များကို လျှော့ချနိုင်ပြီး အထက်ဖော်ပြပါဘက်လိုက်မှုမျိုးကို လျော့ပါးပေးနိုင်သည်။ ထိုတွေ့ရှိချက်အရ ဖယ်ကျဉ်ခံရခြင်းဆိုင်ရာ အတွေ့အကြုံများနှင့် အုပ်စုအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးလာခြင်းသည် စည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးနိုင်ပြီး မတူကွဲပြားသော တော်လှန်ရေးအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေမည့် အလားအလာရှိသည်။ အရင်းအမြစ်စုစည်းမှုသီအိုရီသည် တော်လှန်ပုန်ကန်မှုများ အားကောင်းတည်တံ့စေရန်အတွက် ရုပ်ဝတ္ထု၊ ငွေကြေးနှင့် လူသားအရင်းအမြစ်များ၏ အရေးပါမှုကို အလေးပေးသည်။

Jenkins (1983)၏ ရေးသားချက်အရ အဖွဲ့အစည်း၏ ခိုင်မာမှုနှင့် ဘက်ပေါင်းစုံမှ အရင်းအမြစ်လမ်းကြောင်းများအား ရရှိနိုင်မှုသည် စစ်ဆင်ရေးများနှင့် မဟာဗျူဟာ ရည်မှန်းချက်များ အောင်မြင်ရန်နှင့် လှုပ်ရှားမှုများတည်တံ့နိုင်စွမ်းအတွက် အရေးကြီးသော အဆုံးအဖြတ်များဖြစ်သည် ဟုဆိုသည်။ ထို့အပြင် သူမ၏ ၂၀၁၄၏ တွေ့ရှိချက်တွင် Wood (2014) အရ သူပုန်အုပ်စုများသည် တရားမဝင်စီးပွားရေးများ၊ ကုန်သွယ်မှုလမ်းကြောင်းများနှင့် ဒေသဆိုင်ရာကွန်ရက်များကို ပဋိပက္ခဇုန်များတွင် ရန်ပုံငွေရှာဖွေရန် မည်ကဲ့သို့ အသုံးချသည်ကို ဆန်းစစ်သည်။ ပြည်တွင်းစစ်အတွင်း လွှမ်းမိုးနိုင်မှုနှင့် တော်လှန်ရေးလုပ်ငန်းများ တည်တံ့ရေးအတွက် စီးပွားရေး မဟာဗျူဟာကျမှုလည်း အရေးကြီးသည် ဟုဆိုသည်။ ထို့ပြင် ပဋိပက္ခ၏ စီးပွားရေးဆိုင်ရာ အတိုင်းအတာများကို နားလည်သဘောပေါက်ခြင်းနှင့် တော်လှန်ရေးလှုပ်ရှားမှုများကို တွန်းအားပေးသော နိုင်ငံရေးနှင့် လူမှုရေးအချက်များနှင့် နက်နက်ရှိုင်းရှိုင်း ရောယှက်နေသည့် အရေးပါမှုကိုလည်း အလေးပေးဖော်ပြသည်။ Holtermann (2011)၏ ရေးသားချက်အရ ဒေသဆင်းရဲမွဲတေမှု၊ နိုင်ငံ၏ စွမ်းဆောင်ရည်နှင့်လက်လှမ်းမှီမှုတို့က နီပေါနိုင်ငံ၏ ပုန်ကန်မှုအရေးတွင် အရင်းအမြစ် စုစည်းမှုအပေါ် လွှမ်းမိုးခဲ့သည်။ မှတ်သားလောက်စွာပင် နိုင်ငံတော်၏ စွမ်းရည်နိမ့်ကျမှုကြောင့်ပုန်ကန်မှု နှိမ်နင်းရေးစစ်ဆင်ရေးများအတွင်းမှာပင် ပုန်ကန်သူများကို လူသူလက်နက်စည်းရုံးစုဆောင်းရ အဆင်ပြေစေခြင်းခဲ့သည်။ သို့သော်လည်း ဆင်းရဲမွဲတေမှုတခုကသာ အရင်းအမြစ်စုဆောင်းခြင်း ဖြစ်စဉ်ကို သက်ရောက်စေသည်မဟုတ်ပဲ ရှုပ်ထွေးသော ဒေသဆိုင်ရာအခြေအနေများကြောင့်လည်း ပုန်ကန်မှု နည်းဗျူဟာများကို ပြောင်းလဲစေခဲ့သည်။

အထက်တွင်ဖော်ပြခဲ့သော သဘောတရားလေးချက်အရ နောက်ပိုင်းကဏ္ဍများတွင် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော်အနေဖြင့် ရခိုင်ဒေသအပြင်ဖက်တွင် လုံခြုံဒေသခိုလှုံကာ ပေါ်ပေါက်လာခဲ့ပုံ ၊ မဟာမိတ်ဖွဲ့ပုံနှင့် စစ်ရေးစွမ်းရည်တိုးတက်ရေးနှင့် အရင်းအမြစ်ရှာဖွေရေးအတွက် တခြားသော လက်နက်ကိုင်အဖွဲ့များနှင့် ညီညွတ်ရေးတည်ဆောက်ခဲ့ပုံများကို ဖော်ပြပြီး ဒေသအများအပြားအား လွှမ်းခြုံနိုင်မှုနှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော်၏ တရားဝင်မှုကို တွန်းအားဖြစ်စေသည့် လူ၊ ငွေကြေးနှင့် အရင်းအမြစ် ရှာဖွေရာတွင် အရင်းအမြစ်ရှာဖွေရေးဗျူဟာကို အသုံးချခဲ့သည်ကို လေ့လာရမည် ဖြစ်သည်။

## ၈။ ။ အာရက္ခတပ်တော်ဖွဲ့စည်းခြင်း၏ နောက်ခံအကျဉ်း

အာရက္ခတပ်တော် (AA) ၏ စတင်တည်ထောင်ပြီး ၁၆ နှစ်အကြာ ယခုအခါတွင် ရခိုင်ပြည်နယ်အားလုံး၏ ၉၀ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်ပြီဖြစ်သည်။ ၄င်းထိန်းချုပ်နယ်မြေအနေဖြင့် ရခိုင်ပြည်နယ်တွင် ဆယ့်လေးမြို့နယ်နှင့် ချင်းပြည်နယ်တွင် တစ်မြို့နယ် ပါဝင်သည်။ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO/KIA) ဌာနချုပ်လိုင်ဇာတွင် ၂၀၀၉ ခုနှစ်ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့ပြီး ထိုနေရာသည် စစ်ရေးအရ၊ နက်နက်ရှိုင်းရှိုင်းသင်္ကေတနှင့် ဗျူဟာမြောက်နေရာတစ်ခု ဖြစ်သည့်အပြင် စစ်သင်တန်းရယူရန်အတွက်သာမက မြန်မာ့နိုင်ငံရေးတွင် အတွေ့အကြုံရင့်ကျက်သော လူမျိုးစုလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAO)ထံမှ တစ်ခု၏ သဘောတရားရေးရာ လမ်းညွှန်မှုကို ရယူခဲ့ခြင်းလည်း ဖြစ်သည်။ နောက်ပိုင်းနှစ်များအတွင်း အာရက္ခတပ်တော်သည် KIA တပ်ဖွဲ့များနှင့် ပူးပေါင်းလေ့ကျင့်ခဲ့ပြီး မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့နှင့်အတူ မြောက်ပိုင်းမဟာမိတ်အဖွဲ့အဖြစ် စစ်ရေးနိုင်ငံရေးလှုပ်ရှားမှုများဆောင်ရွက်ခဲ့သည်။

ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO/KIA) က အာရက္ခတပ်တော်ကို ၂၀၀၉ ခုနှစ် ကချင်ပြည်နယ်တွင် ထူထောင်ရာ၌ မရှိမဖြစ်လိုအပ်သော အမိုးအကာ၊ လက်နက်နှင့် လေ့ကျင့်ရေးများ ပေးအပ်ခြင်းဖြင့်ကူညီခဲ့သည်။ စတင်ခဲ့သော မူလတပ်သားအများစုမှာ ရခိုင်ပြည်နယ်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် သို့မဟုတ် လွတ်လပ်ရေးရရှိရန် တွန်းအားပေးလိုသော ရခိုင်လူငယ်များဖြစ်သည်။ ဤသို့ဖြင့် အာရက္ခတပ်တော်သည် ကချင်ပြည်နယ်တွင် စစ်ဆင်ရေးများ စတင်ခဲ့သည်။ နောက်ပိုင်းတွင် ရှမ်းပြည်နယ်အရှေ့မြောက်ဘက်သို့ ပျံ့နှံ့ခဲ့သည်။ ဤတိုးတက်မှုမှတစ်ဆင့် အာရက္ခတပ်တော်သည် အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်ဆံရေးကို မြှင့်တင်နိုင်ခဲ့ပြီး စစ်မြေပြင်တွင် အတွေ့အကြုံများရယူကာ အရင်းအမြစ်များ စုဆောင်းရန် အဓိကျသော လမ်းကြောင်းများကိုဝင်ရောက်ခွင့်ရရှိခဲ့သည်။ အာရက္ခတပ်တော်သည် ၄င်း၏ နိုင်ငံရေးနှင့် စစ်ရေးလှုပ်ရှားမှုများကို ရခိုင်အမျိုးသားအဖွဲ့ချုပ် ULA ၏ လောင်းရိပ်အောက်တွင် ထားရှိခဲ့သည်။ KIAနှင့် ပူးတွဲစစ်ရေး လှုပ်ရှားမှုများမှ စစ်ရေးအတွေ့အကြုံများ ရလာပြီးနောက် ၂၀၁၄ တွင် အာရက္ခတပ်တော်တပ်သားအချို့ ရခိုင်ဒေသ သို့ စတင်ဝင်ရောက်ကာ ခြေကုပ်ယူခဲ့ကြသည်။ ၂၀၁၉ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဘူးသီးတောင်ရှိ ရဲနှင့် နယ်ခြားစောင့် စခန်းများကို တိုက်ခိုက်ခဲ့သည့်အတွက် AAကို ပိုသတိထားမိလာကြသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရမှ AAအား အကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်ခဲ့ပြီး တိုက်ခိုက်နှိမ်နင်းမှုများ ဆောင်ရွက်ခဲ့သည်မှာ ၂၀၂၁ ခုနှစ် အာဏာသိမ်းချိန် အထိဖြစ်သည်။

ရှမ်းပြည်မြောက်ပိုင်းတွင် AA အနေဖြင့် မဟာမိတ်တည်ဆောက်မှုနှင့်အတူ လှုပ်ရှားစုဆောင်းမှုဆိုင်ရာ အတွေ့အကြုံများ ရရှိခဲ့ပြီး လူနည်းစုလူမျိုးစုများအကြား ရင်းနှီးမှုတည်ဆောက်နိုင်ခဲ့သည်။ ထိုကဲ့သို့ ရခိုင်ပြည်ပြင်ပတွင် အခြေချလှုပ်ရှားသည့် အစောပိုင်းကာလများသည် AA၏ စစ်ရေးစွမ်းရည် တည်ဆောက်ရေးအတွက်သာမက မြန်မာနိုင်ငံ၏ ကျယ်ပြန့်သော နိုင်ငံရေး အခင်းအကျင်းကို နားလည်နိုင်စေခဲ့သည်။ ကချင်နှင့် ရှမ်းပြည်တွင် ရရှိခဲ့သော မဟာမိတ်အတွေ့အကြုံများကို အသုံးချကာ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်တွင် အာရက္ခတပ်တော်အနေဖြင့် အခြားနေရာများတွင်ပါ မဟာမိတ်တည်ဆောက်မှု လုပ်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

# အခန်း ၂

## အရှေ့မြောက်မြန်မာပြည်၌ အာရက္ခတပ်တော် ကြီးထွားလာမှုနှင့် မဟာမိတ်များကို ရှာဖွေခြင်း (၂၀၀၉ တည်ထောင်ချိန်မှ ၂၀၂၀ အပစ်အခတ်ရပ်စဲရေးအထိ)

အာရက္ခတပ်တော်စတင်တည်ထောင်သည့် ၂၀၀၉ ခုနှစ် ဧပြီလမှစ၍ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ အာရက္ခတပ်တော်သည် ရခိုင်ပြည်ပြင်ပတွင် ၎င်း၏ နိုင်ငံရေးနှင့် စစ်ရေးကို ဗျူဟာမြောက် မဟာမိတ်ဖွဲ့ခြင်းဖြင့် စဉ်ဆက်မပြတ် ထူထောင်ခဲ့သည်။ ၎င်းဖွဲ့စည်းစဉ်ကာလအတွင်းတွင် အာရက္ခတပ်တော်သည် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ၊ တအာင်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ (TNLA)၊ ကိုးကန့်မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA) စသည်တို့နှင့် ပူးပေါင်းကာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ၎င်း၏ အခြေစိုက်နေရာများ ထူထောင်ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဤဒေသများတွင် အာရက္ခတပ်တော်က အခိုင်အမာရှိနေနိုင်ခြင်း၏ အဓိကအကြောင်းရင်းမှာ sanctuary and resource mobilization theories တို့ကဲ့သို့ပင် ဆက်နွယ်နေပြီး အခြေခံအချက်နှစ်ချက်မှာ အာရက္ခတပ်တော်၏ အခြေခံအုတ်မြစ်များသည် ၎င်း၏မွေးရပ်ပြည်နယ်တွင် လက်နက်ကိုင်လှုပ်ရှားမှုအတွက် အခွင့်အလမ်းမရှိသည့် အခြေအနေများနှင့် ကချင်နှင့်ရှမ်းပြည်မြောက်ပိုင်းဒေသများရှိ ဆေးရုံနှင့် အခွင့်အလမ်းကောင်းသည့် နယ်မြေများရှိခြင်းကြောင့်ဖြစ်သည်။ ဤကာလသည် စစ်ရေး နိုင်ငံရေး ကဏ္ဍများတွင် အာရက္ခတပ်တော်၏ အခန်းကဏ္ဍ မြင့်တက်လာသည့်ကာလအဖြစ် မှတ်ယူနိုင်သည်။ တရုတ်နယ်စပ် အနီးရှိ KIA ထိန်းချုပ်နယ်မြေတွင် ဌာနချုပ်ထားရှိနိုင်ခြင်းသည်လည်း ၎င်း၏ ခေါင်းဆောင်များနှင့် သင်တန်းသားများအတွက် လုံခြုံသောဒေသတစ်ခုဖန်တီးပေးထားနိုင်ခဲ့သည်။ ထို့အပြင် တရုတ် နယ်စပ်တွင် စီးပွားရေးအခွင့်အလမ်းများရရှိခြင်းသည်လည်း အာရက္ခတပ်တော်အတွက် ဘဏ္ဍာငွေ ရရှိရေး၊ လက်နက်နှင့် ဆေးကုသခွင့်ရရှိရေးအပါအဝင် တပ်ဖွဲ့ဝင်များ ရရှိရေးအတွက်ပါ အခွင့်အလမ်း ရရှိရန် အထောက်အကူ ဖြစ်ခဲ့သည်။

အထူးသဖြင့် ၂၀၁၄ခုနှစ် ဖြစ်ပွားခဲ့သည့် စစ်တပ်နှင့် KIA, TNLA တို့ကြားတိုက်ပွဲများတွင် အာရက္ခတပ်တော်(AA) ပါဝင်လာသောကြောင့် AA အား မီဒီယာများနှင့် အများပြည်သူတို့ စိတ်ဝင်စားလာခဲ့သည်။ ထိုအချိန်မှစ၍ အာရက္ခတပ်တော်၏ တိုက်ပွဲ၊ စစ်ရေးလှုပ်ရှားမှုနှင့် စစ်သင်တန်းပေးနေမှုများအကြောင်း မီဒီယာများတွင် ရေးသားလာခဲ့ကြသည်ကို တွေ့လာရသည်။ အထူးသဖြင့် RFA သတင်းဌာနက ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် စစ်တပ်က လိုင်ဇာအနီးရှိ KIA သင်တန်းကျောင်းကို လက်နက်ကြီးပစ်ခတ်မှုကြောင့် မဟာမိတ်အဖွဲ့များဖြစ်သည့် အာရက္ခတပ်တော် နှင့် TNLA တပ်သားများ သေဆုံးခဲ့ရသည့်အကြောင်းကို ဖော်ပြခဲ့သည်။ ဤသည်ကား ဤအဖွဲ့များနှင့် အာရက္ခတပ်တော်ကြား ဆက်ဆံရေးနက်ရှိုင်းလာသည်ကို ဖော်ပြခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသတွင် ဖြစ်ပွားခဲ့သော စစ်တပ်နှင့် MNDAA၊ AA နှင့် TNLA ပူးပေါင်းအဖွဲ့ကြား တိုက်ပွဲများတွင် အာရက္ခတပ်တော်ပါဝင်ခြင်းသည်လည်း အာရက္ခတပ်တော်၏ စစ်ရေးပူးပေါင်းဆောင်ရွက်ရေးအခန်းကဏ္ဍ ပိုမိုအားကောင်းလာခဲ့သည်။ ပဋိပက္ခကြောင့် နှစ်ဖက်ဆုံးရှုံးမှုများပြားခဲ့သည့်အပြင် ပြည်သူသိန်းချီ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ ထိုအချိန်တွင် အာရက္ခတပ်တော်က တပ်သား ၃၀၀၀ ကျော် သင်တန်းဆင်းထားပြီး ဖြစ်သည်။ ဤပူးပေါင်းဆောင်ရွက်မှုက အာရက္ခတပ်တော်သည် NCA တွင် ပါဝင်ခွင့်မရှိဘဲ လူမျိုးစုလက်နက်ကိုင်မဟာမိတ်များနှင့် နိုင်ငံရေး လူမှုရေး ပူးပေါင်းဆောင်ရွက်ရန် ပိုမိုအားသာကြောင်း ပေါ်လွင်သည်။ ၂၀၁၆ ခုနှစ်တွင်လည်း အာရက္ခတပ်တော်က KIA၊ MNDAA နှင့် TNLA တို့၏ ပူးတွဲစစ်ဆင်သော မုန်းကဲတိုက်ပွဲတွင် ပါဝင်လာခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့များ (Northern Alliance - NA) တွင် အရေးပါသော အုပ်စုတစ်ခု ဖြစ်လာခဲ့သည်။

မြန်မာမြောက်ပိုင်းတွင် မဟာမိတ်များနှင့်အတူ တိုက်ပွဲဝင်နေသည့်အပြင် အာရက္ခတပ်တော်သည် ယခင်ရခိုင်ဘုရင့်နိုင်ငံတော်ခေတ်ကာလ (သို့) ဗြိတိသျှအုပ်ချုပ်သော ရခိုင်ဒေသ၏ တစိတ်တပိုင်း အဖြစ် မှတ်ယူသည့် ရခိုင်ဒေသနှင့်နီးစပ်သော ပလက်ဝဒေသတွင်လည်း တိုက်ပွဲများစတင် ဖော်ဆောင်လာခဲ့သည်။ ပလက်ဝမြို့နယ်၊ ကံသာယာကုန်း၌ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ အာရက္ခတပ်တော်သည် စစ်တပ်၏ လက်နက်များ သိမ်းဆည်းရပြီး စစ်တပ်ဖက်မှ အထိအခိုက်များပြားခဲ့ကြောင်း ပြောဆိုသော်လည်း မြန်မာစစ်တပ်ကမူ ၎င်းထိတိုက်တွေ့ဆုံမှုအား နယ်မြေရှင်းလင်းရေး စီမံချက်၏ တစိတ်တပိုင်းဖြစ်သည်ဟု၍ တုံ့ပြန်ခဲ့သည်။

၂၀၁၉ ခုနှစ်၊ ဇွန်လအထိ ၎င်းတို့၏ အခွင့်အရေးအတွက် လှုပ်ရှားရန် AA၊ MNDAAနှင့် TNLA ညီနောင်သုံးဖွဲ့၏ မဟာမိတ်ဆက်ဆံရေး ပိုမိုခိုင်မာလာခဲ့သည်။ ၂၀၁၉ ခုနှစ် ဩဂုတ် နှင့် စက်တင်ဘာလ ကြားတွင် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အစိုးရအုပ်ချုပ်မှုခိုင်မာသည့် ပြင်ဦးလွင်မြို့နယ်တစ်လျှောက် မဟာမိတ် ပူးတွဲ စစ်ဆင်ရေးကို စတင်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် မြန်မာစစ်တပ် မှ ယာယီအပစ်အခတ် ရပ်စဲခဲ့သော်လည်း မြန်မာစစ်တပ်၏ စစ်ကူလာသောကြောင့် တိုက်ပွဲပြန်လည် ဖြစ်ပွားခဲ့သည်။ ဤသည်ကား အာရက္ခတပ်တော်၏ စစ်ရေး လှုပ်ရှားမှုနှင့် ၎င်း၏ ညီနောင်တပ်ဖွဲ့များ၏ မဟာမိတ် ဆက်ဆံရေးကို အသုံးချကာ ဗျူဟာမြောက် အပစ်ရပ်စဲရေး ဗျူဟာနှစ်မျိုး အသုံးချသည်ကို ဖော်ပြနေသည်။ ၎င်း၏ စစ်ရေးပူးပေါင်းဆောင်ရွက်မှုအပြင် ၂၀၁၉ ခုနှစ်မှစ၍ နိုင်ငံရေးလုပ်ငန်းစဉ်များ ပိုမိုလုပ်ဆောင်လာသည်ကို တွေ့လာခဲ့ရသည်။ ထင်ရှားသောဖြစ်ရပ်မှာ ၂၀၁၉ "နှစ် ၇၀မြောက် ဝပြည်နယ်" အထိမ်းအမှတ်အခမ်းအနားသို့ လူမျိုးစုလက်နက်ကိုင်ခေါင်းဆောင်များ (EAOs)၊ အစိုးရတာဝန်ရှိသူများနှင့်အတူ အာရက္ခတပ်တော်ခေါင်းဆောင်နှင့် ဒုခေါင်းဆောင်တို့လည်း တက်ရောက်လာခဲ့ကြသည်။ ထိုတွင် အာရက္ခတပ်တော်ခေါင်းဆောင်က ၎င်း၏နိုင်ငံရေး မျှော်မှန်းချက်နှင့် ပတ်သက်ပြီး "ကျနော်တို့မှာ ဝထက် မညံ့တဲ့ မျှော်လင့်ချက်ရှိတယ်။ ကောင်းသည် ဖြစ်စေ ဆိုးသည် ဖြစ်စေ အဓိက အရေးပါတာက ငြိမ်းချမ်းရေး ထိန်းသိမ်းနိုင်တာ၊ သူ့လူတွေကို စည်းစည်းလုံးလုံး ထားနိုင်တာ၊ ပြည်သူတွေနဲ့ ယုံကြည်မှု တည်ဆောက်ထားနိုင်တာရယ် အဲ့ဒါတွေက ပိုအရေးပါတာ" ဟု ပြောဆိုဖူးခဲ့သည်။

ဤပြောဆိုချက်က လက်နက်ကိုင်တော်လှန်ရေးထက် ကျော်လွန်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး၊ နိုင်ငံရေး အသိအမှတ်ပြုမှုရရှိရေး နှင့် မဟာမိတ်တည်ဆောက်ထားရေး စသော မျှော်မှန်းချက်များကို ထင်ဟပ်စေသည်။ ထို့အပြင် ၂၀၁၇ ခုနှစ်၊ ဧပြီလတွင် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC)တွင် ပါဝင်ရေးသည်လည်း ၎င်း၏ နိုင်ငံရေးမဟာဗျူဟာမျှော်လင့်ချက်များနှင့် လက်နက်ကိုင်တော်လှန်ရေးအတွက် အလွန်အရေးပါခဲ့သည်။ FPNCC သည် အင်အားကြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ (၇) ခုဖြင့် ဖွဲ့စည်းထားပြီး အစိုးရ၊ စစ်တပ်တို့နှင့် နိုင်ငံရေး ညှိနှိုင်းဆွေးနွေးပွဲများတွင် အလွန်အရေးပါသော အုပ်စု တစ်ခုဖြစ်လာခဲ့သည်။ တရားဝင် နိုင်ငံရေ မဟာမိတ်တစ်ခု ဖြစ်သည် ဆိုသော်လည်း AA၊ KIA၊ MNDAA၊ TNLA နှင့် SSPP တို့ အကြားတွင် နိုင်ငံရေးညှိနှိုင်းမှုများနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှု အပါအဝင် စစ်ရေးအရ အပြန်အလှန် ကူညီပေးခြင်းလည်း လုပ်ဆောင်ကြောင်း သိခဲ့ရသည်။

အာရက္ခတပ်တော်သည် ၂၀၁၇ မှ ၂၀၂၀ ခုနှစ်ကာလများတွင် ရခိုင်ဒေသ၌ စစ်ရေးလှုပ်ရှားမှုများ ပိုမို လုပ်ဆောင်လာခဲ့သကဲ့သို့ အာရက္ခတပ်တော်ခေါင်းဆောင်များသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသတစ်လျှောက် မဟာမိတ်နှင့် သံတမန်ဆက်ဆံရေးများကိုလည်း တိုးမြှင့် လုပ်ဆောင်လာခဲ့ကြသည်။ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ၊ ရခိုင်ပြည်နယ်တွင် ယာယီအပစ်ရပ်ခဲ့သည့် အချိန်တွင် ၎င်းတို့သည် စစ်အင်အား ၁၀,၀၀၀ အထိ ရှိလာခဲ့သည်။ ရခိုင်ပြည်နယ်တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သည့် မြို့နယ်များ၌ မဲပေးခွင့်ရရှိစေရန် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးနှင့် ပတ်သက်ပြီး ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ပန်ဆန်း၊ ဝဒေသတွင် မြန်မာစစ်တပ် ကိုယ်စားလှယ်များနှင့် အာရက္ခတပ်တော်ကိုယ်စားလှယ်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဤသည်ကား အာရက္ခတပ်တော်နှင့် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSA) ကြား ဆက်ဆံရေးခိုင်မာပုံနှင့် ယခုအခြေအနေကို မရောက်မီ အာရက္ခတပ်တော် ကြီးထွားလာစေရန် ၎င်းတို့၏ လုပ်ငန်းစဉ်များအတွက် လုံခြုံသောနေရာတစ်ခု ဖြစ်နေကြောင်းကို ဖော်ပြနေသည်။ ထို့အပြင် ဤလှုပ်ရှားမှုများသည် နိုင်ငံရေးအသိအမှတ်ပြုမှုရရှိရေးနှင့် လုံခြုံသောခိုလှုံရာတစ်ခုရှိရန်အတွက် မဟာမိတ်ဆက်ဆံရေးထူထောင်နိုင်သော AA ၏ စွမ်းဆောင်ရည်ကို ပြသနေသည်။

အရှိန်မြင့်လာသော မဟာမိတ်ဆက်ဆံရေးနှင့် နိုင်ငံရေးစကားဝိုင်းများက အာရက္ခတပ်တော်အား ရှုပ်ထွေးသည့် တိုင်းရင်းသားနိုင်ငံရေးအသိုင်းအဝိုင်းတွင် ခေါင်းထောင်လာသည့် စစ်အင်အားနှင့်အတူ နိုင်ငံရေးအရ တရားဝင်မှုရရှိလာသော အင်အားစုတစ်ခုအဖြစ် ဖြစ်လာစေသည်။ ၂၀၁၀ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ အာရက္ခတပ်တော်၏ မဟာမိတ်များနှင့် ပူးပေါင်းဆောင်ရွက်မှုသည် စစ်ရေးအရ အင်အားကြီးလာသည်သာမက နိုင်ငံရေးအရပါ လွှမ်းမိုးလာနိုင်ခဲ့သည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် ရခိုင်ပြည်နယ်တွင်သာမက မြန်မာ့တိုင်းရင်းသားဒေသ အနာဂတ်နိုင်ငံရေးပုံဖော်မှုတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လာနိုင်သည်။ ၂၀၀၉ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိကာလတွင် မြန်မာနိုင်ငံမြောက်ပိုင်း၌ အခြေချမှုသည် AA ကြီးထွားလာမှု၏ အဓိကအကြောင်းအရင်း ဖြစ်လာသည်။ သီအိုရီပိုင်းဆိုင်ရာဆွေးနွေးချက်များတွင် ဆွေးနွေးသကဲ့သို့ အာရက္ခတပ်တော်ခေါင်းဆောင်များသည် ပြင်ပခိုလှုံရေး၊ စည်းရုံးရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် မဟာမိတ်တည်ဆောက်ထားရေး စသော နိယာမ သုံးခုကို ကျင့်သုံးခဲ့ကြသည်။ ဤသည်သာမက အာရက္ခတပ်တော်သည် ဤဒေသများတွင် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး နှင့် မဟာဗျူဟာကျ လှုပ်ရှားမှုများတွင်လည်း ပါဝင်ကြောင်း ဖော်ပြနေသည်။

# အခန်း (၃)

## အာရက္ခတပ်တော်၏ လှုပ်ရှားမှုများ တိုးချဲ့လာမှု၊ ပြင်ဆင်မှုနှင့်တွက်ချက်မှုများ

(၂၀၂၁ စစ်အာဏာသိမ်းမှုမှ ၂၀၂၃ ခုနှစ်၊ ၁၀၂၇ စစ်ဆင်ရေးအထိ)

၂၀၂၀ ခုနှစ်မှ အာဏာသိမ်းသည့် ၂၀၂၁ခုနှစ်အထိ အာရက္ခတပ်တော်သည် ရခိုင်ပြည်အပြင်ဖက်တွင် ဗျူဟာကျကျရှိနေခြင်းဖြင့် ၎င်း၏ စစ်စွမ်းရည်နှင့် နိုင်ငံရေးလွှမ်းမိုးမှုကို တိုးမြှင့်နိုင်ခဲ့သည်။ မဟာဗျူဟာကြီးသည် ULA၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူသည့် နိုင်ငံရေးရည်မှန်းချက်တွင် အခြေခံသည်။ ၂၀၂၁ခုနှစ် စစ်အာဏာသိမ်းမှုအပြီး မြန်မာ့နိုင်ငံရေးအခြေအနေသည် ရုတ်တရက် ပြောင်းလဲလာသောကြောင့် အာရက္ခတပ်တော်က ၎င်း၏ နိုင်ငံရေးဩဇာတည်ဆောက်နိုင်ရန်နှင့် စစ်ရေးအရ အင်အားကြီးလာစေရန် မမျှော်လင့်ထားသော အခွင့်အရေးများ ရရှိသွားခဲ့သည်။ AA ၏ တည်ရှိပြီးမဟာမိတ်များနှင့် ဆက်ဆံရေးထိန်းသိမ်းမှုနှင့်အတူ အာဏာသိမ်းမှုနောက်ပိုင်း အသစ်ပေါ်ပေါက်လာသော တော်လှန်ရေးအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတည်ဆောက်နိုင်မှုသည် ၎င်းတို့၏ ဒေသတွင်းဆိုင်ရာ ရည်မှန်းချက်များကိုသာမက ပိုမိုကျယ်ပြန့်သော မြန်မာတနိုင်ငံလုံး၏ နိုင်ငံရေးပဋိပက္ခဆိုင်ရာအခင်းအကျင်းကိုလည်း သက်ရောက်မှုကြီးမားပေသည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုသည် အရေးပါသော အလှည့်အပြောင်းတစ်ခု ဖြစ်စေခဲ့သည်။ အာဏာသိမ်းပြီး မျှားမကြာမီ ညီနောက်သုံးဖွဲ့က ၎င်းတို့အား အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာ ထားမှုကို ရုပ်သိမ်းပေးဖို့ တောင်းဆိုခဲ့ပြီး တဖက်သပ် အပစ်ရပ်ကာလ တိုးမြှင့်ခဲ့သည်။ ဤတောင်းဆိုချက်က အာဏာသိမ်းပြီးနောက်တွင် နိုင်ငံရေးတရားဝင်မှုပိုမိုရရှိစေရန် ကြိုတင်မှန်းဆ လုပ်ဆောင်ခဲ့သည်ကို ထင်ဟပ်စေသည်။ ၂၀၂၁ ခုနှစ် မတ်လ ၁ ရက်တွင် စစ်ကောင်စီက အာရက္ခတပ်တော်အား အကြမ်းဖက်လုပ်ရပ်များ ရပ်တန့်ထားသည်ဟု ဆိုကာ အကြမ်းဖက်အဖွဲ့မှ ရုပ်သိမ်းပေးခဲ့သည်။ ဤရုပ်သိမ်းမှုသည် အမှတ်အသား တစ်ခုသာမဟုတ်ဘဲ အာရက္ခတပ်တော်အား နိုင်ငံရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်ရန် ခွင့်ပြုခဲ့ပြီး စစ်ရေး၊ နိုင်ငံရေး အင်အားစု တစ်ခုအဖြစ်နေရာ ရရှိလာခဲ့သည်။

အာဏာသိမ်းပြီးနောက် စစ်ကောင်စီ၏ ပြည်သူများအပေါ် ကြမ်းကြုတ်ရက်စက်မှုကို အာရက္ခတပ်တော်အနေဖြင့် ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့ပြီး ဖိနှိပ်ခံတိုင်းရင်းသားများနှင့် ဒီမိုကရေစီ လှုပ်ရှားမှုများအား ထောက်ခံကြောင်း ကြေညာခဲ့သည်။ ဤရှုတ်ချမှုက အာရက္ခတပ်တော်အား ပိုမို လက်ခံစေရုံသာမက တော်လှန်ရေးအင်အားစုများနှင့် ရပ်တည်ကြောင်း နိုင်ငံရေးရပ်တည်ချက်ကို သိစေခဲ့သည်။ ညီနောင်မဟာမိတ်သုံးဖွဲ့က ပြည်သူများအပေါ် စစ်ကောင်စီ၏ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေပါက ၎င်းတို့ နွေဦးတော်လှန်ရေးနှင့်အတူ ရပ်တည်မည်ဟု ၂၀၂၁ ခုနှစ် မတ်လ ၃၀ ရက်နေ့ တွင် သတိပေးထုတ်ပြန်ခဲ့ရာ အာရက္ခတပ်တော်၏ ရပ်တည်ချက် ပိုမိုပေါ်လွင်လာခဲ့သည်။ ၎င်းထုတ်ပြန်ချက်သည် လူမျိုးစုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအား ပိုမိုကျယ်ပြန့်သော တနိုင်ငံလုံးဆိုင်ရာ စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်သည့် ပြည်သူ့ထကြွမှုကို ချိတ်ဆက်ပေးသည့် အရေးပါသည့် မှတ်တမ်းတစ်ခုဖြစ်သည်။

၂၀၂၁ ခုနှစ်တလျှောက် အာရက္ခတပ်တော်က ၎င်း၏ မဟာမိတ်များကို ပိုမိုအာကောင်းစေခဲ့သည်။ ၁၂ ကြိမ်မြောက် အာရက္ခတပ်တော်တည်ထောင်ခြင်းအထိမ်းအမှတ်နေ့အခမ်းအနားသို့ MNDAA နှင့် TNLA တို့၏ ဂုဏ်ပြုလွှာများက ၎င်းတို့၏ ညီညွတ်မှုကို ဖော်ပြနေသည်။ ကြေညာချက်တွင် **"စည်းလုံး ညီညွတ်မှုမှ တစ်ဆင့် တော်လှန်ရေး ပန်းတိုင်သို့ ချီတက်မည်"** ဖော်ပြထားသည်။ ထို့အတူ ညီနောင်မဟာမိတ်သုံးဖွဲ့ကလည်း ‘ဝ’ပြည်နယ်ငြိမ်းချမ်းရေးတည်ဆောက်ရေး (၃၂) နှစ်မြောက် အထိမ်းအမှတ်တွင်လည်း ၎င်းတို့၏ စစ်ရေး၊ နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှုကို ချီးမွမ်း ပြောဆိုထားသည်။ ရှေးတွင်ဖော်ပြထားသကဲ့သို့ ULA၏ မဟာမိတ်လက်နက်ကိုင်အဖွဲ့များနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ၂၀၂၁ခုနှစ် အာဏာမသိမ်းခင်ကတည်းကပင် မဟာမိတ်တပ်ဖွဲ့များနှင့်အတူ စစ်အင်အား၊ နိုင်ငံရေးအရ တရားဝင်မှုနှင့် မဟာဗျူဟာကျသော လွှမ်းမိုးမှုကို ရရှိထားပြီးဖြစ်သည်။ ဤမဟာမိတ်သည် အာရက္ခတပ်တော်၏ ပန်းတိုင်ကို ရောက်ရှိစေရုံသာမက မြောက်ပိုင်းမဟာမိတ်အဖွဲ့သည် နိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အရေးကြီးသောကဏ္ဍမှ ပါဝင်လာပြီး မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်နိုင်ငံရေးအားပြိုင်မှုများကိုလည်း ပြောင်းလဲစေသည်။

အာဏာသိမ်းပြီးနောက် AAသည် နိုင်ငံရေးလုပ်ငန်းစဉ်များကိုလည်း အလေးထား တည်ဆောက်လာခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် အာရက္ခတပ်တော်ခေါင်းဆောင်အဖွဲ့နှင့် အမျိုးသားညီညွတ်ရေးအစိုးရ ကိုယ်စားလှယ်များနှင့် အွန်လိုင်းမှ တစ်ဆင့် ဆွေးနွေးခဲ့သည်။ ဤဆွေးနွေးပွဲသည် ဒုတိယအကြိမ်မြောက် တရားဝင်တွေ့ဆုံ ဆွေးနွေးခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်

ဇန်နဝါရီလ ၁၈ ရက်နေ့ Asia Times နှင့် မေးမြန်းမှုတွင် အာရက္ခတပ်တော်ခေါင်းဆောင်က ၎င်းတို့အနေဖြင့် တပ်သား ၅၀၀၀-၆၀၀၀ ဝန်းကျင်ကို ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင် မဟာမိတ်နယ်မြေများတွင် တပ်ချထားကြောင်း ပြောဆိုခဲ့သည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် ကျရောက်သော အာရက္ခတပ်တော်၏ (၁၃) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို လူမျိုးစုလက်နက်ကိုင် (၂) ဖွဲ့၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ (၉)ဖွဲ့ နှင့် လူမျိုးစုအခြေပြု ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ (၃)ခု စုစုပေါင်း အဖွဲ့ (၁၄) ဖွဲ့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။



ဤလုပ်ငန်းစဉ်များက အာဏာသိမ်းပြီးနောက် ဖြစ်ပေါ်လာသည့် လက်နက်ကိုင် တော်လှန်ရေးတွင် အာရက္ခတပ်တော်၏ လွှမ်းမိုးမှုနှင့် ပါဝင်ပတ်သက်နေမှုများကို ဖော်ပြနေသည်။ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် လူမျိုးစုကာကွယ်ရေးအဖွဲ့များ၏ သတင်းစကားများလည်း စုံလင်နေသည်။ အချို့သော အဖွဲ့များက အာရက္ခတပ်တော်၏ စစ်ရေးအကူအညီများအကြောင်း ဖော်ပြထားပြီး အချို့ကမူ အာရက္ခတပ်တော်၏ လှုပ်ရှားမှုများကို လေးစားကြောင်း ပြောဆိုထားသည်။ ဥပမာအနေဖြင့် ကျောင်းသားလက်ရုံးတပ်တော်၏ ကြေညာချက်တွင် **"အာရက္ခတပ်တော်အား မိမိတို့ အဖွဲ့ဖြစ်လာစေရန် ထောက်ပံ့ကူညီပေးခဲ့သောကြောင့် ကျေးဇူးတင်ကြောင်း"** ဖော်ပြထားသည်။ အခြားသော လက်နက်ကိုင်အဖွဲ့များဖြစ်သည့် မကွေးတိုင်းမြောက်ပိုင်း ပခုက္ကူနှင့် ပေါက်မြို့နယ်တွင် လှုပ်ရှားသည့် PRF၊ ရခိုင်ရိုးမ အရှေ့ပိုင်းနှင့် ထိစပ်နေသည့် ငပဲနှင့် မင်းလှမြို့နယ်တွင် လှုပ်ရှားသည့် PRA Magway နှင့် ကနီ၊ ဆလင်းကြီးနှင့် စစ်ကိုင်းတိုင်းတောင်ပိုင်း ယင်းမာပင်မြို့နယ်တို့တွင် လှုပ်ရှားသည့် ADRPA တို့က အာရက္ခတပ်တော်၏ ကျောထောက်နောက်ခံပြုပေးမှုကို ကျေးဇူးတင်ကြောင်း ဖော်ပြထားသည်။ ကရင်နီအမျိုးသားတပ်မတော် (KNDF) ကလည်း အာရက္ခတပ်တော်၏ တော်လှန်ရေးလှုပ်ရှားမှုများကို ကျေးဇူးတင်ကြောင်း ကြေညာချက်တွင် **"မိမိတို့ အနေဖြင့် အာရက္ခတပ်တော်အား စံပြအဖြစ် သတ်မှတ်ကြောင်းနှင့် အနာဂတ်တွင်လည်း စစ်ရေး နိုင်ငံရေး ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ပါသည်"** ဟု ဖော်ပြထားသည်။

ပိုမိုပူးပေါင်းဆောင်ရွက်လိုသောလက္ခဏာအဖြစ် NUG သမ္မတရုံးနှင့် ကာကွယ်ရေးဝန်ကြီးဌာန နှစ်ဖက်လုံးက အာရက္ခတပ်တော်၏ နှစ်ပတ်လည်နေ့တွင် သဝဏ်လွှာပေးပို့ခဲ့သည်။ သဝဏ်လွှာတွင် **"မိမိတို့ အနေဖြင့် အာရက္ခတပ်တော်နှင့် PDF များကြားတွင် ပိုမို ပူးပေါင်းဆောင်ရွက်စေလိုကြောင်း"** ဖော်ပြထားသည်။ ထို့ပြင် ၂၀၂၂ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ULA နှင့် NUG တို့ နောက်ထပ်တွေ့ဆုံ ဆွေးနွေးခဲ့ကြသေးသည်။ NUG က ULA၏ ခေါင်းဆောင်မှုကို ရက္ခိုင်ပြည်သူ့အစိုးရ အဖြစ်လည်း ရည်ညွှန်းခဲ့ရာ တနည်းအားဖြင့် အာရကန်ဒေသတွင် ULA/AA၏ တရားဥပဒေအရ မဟုတ်သည့်တိုင် မြေပြင်လူထုအပ်နှင်းသည့် အာဏာပိုင်အုပ်ချုပ်မှုအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုကြောင်းလည်း ဖော်ပြရာရောက်သည်။ နှစ်ဖက်လုံးက လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေနှင့်ပတ်သက်ပြီး အမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း အာရက္ခတပ်တော်၏ပြောရေးဆိုခွင့်ရှိသူ ခိုင်သုခပြောကြားခဲ့ပြီး မဟာမိတ် တည်ဆောက်ရေးအတွက် လက်တွေ့ကျသော ချဉ်းကပ်မှုတခုဖြစ်ကြောင်း ဖော်ပြနေသည်။ အာရက္ခတပ်တော်သည် အခြားသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များနှင့်လည်း အတူရပ်တည်သည်။ ၂၀၂၂ခုနှစ် မေလ၃၁တွင် အာရက္ခတပ်တော်က KNDF နှစ်ပတ်လည်နေ့တွင် တော်လှန်ရေး ရဲဘော်ရဲဖက်အဖြစ် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ သို့သော်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၏ စွန့်စားရသည့်အန္တရာယ်က ကြီးမားသည်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်မဟာ (၅) နယ်မြေအတွင်းရှိ အာရက္ခတပ်တော်အခြေချစခန်းအား စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အာရက္ခတပ်တော်တပ်ဖွဲ့ဝင် (၆) ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရသူများလည်း ရှိခဲ့သည်။ အာရက္ခတပ်တော်က ထိုနေရာများအား တပ်သားသစ် စုဆောင်းရန်၊ သင်တန်းပို့ချရန်နှင့် ထောက်ပို့စသည်တို့အတွက် အသုံးပြုသည်။ ထို့နောက် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် စစ်ကောင်စီက နိုင်ငံရေးအကျဉ်းသား (၄) ဦးအား ကွပ်မျက်လိုက်သောကြောင့် ညီနောင် (၃) ဖွဲ့က ရှုတ်ချခဲ့ပြီး ၎င်းတို့၏ နိုင်ငံရေးရပ်တည်ချက်ကို ပြသခဲ့သည်။ ထို့နောက် ၂၀၂၂ခုနှစ် ဩဂုတ်လတွင် စစ်ကောင်စီက အာရက္ခတပ်တော်အား တိုက်ခိုက်ခဲ့သောကြောင့် တိုက်ပွဲပြန်လည်ဖြစ်ပွားခဲ့သည်။ ရခိုင်ပြည်တွင် တိုက်ပွဲအရှိန်မြင့်လာသည့် ကြား အာရက္ခတပ်တော်က ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် စစ်တပ်က ဆက်လက် ပစ်ခတ်နေပါက ပြန်လည်တုန့်ပြန်မည်ဟု သတိပေး ထုတ်ပြန်ခဲ့သည်။ တစ်ချိန်တည်းမှာပင် အာရက္ခတပ်တော်က ပြင်ပ မဟာမိတ်များနှင့် ခိုင်မာမှုရှိရန်လည်း ကြိုးပမ်းခဲ့သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် အာရက္ခတပ်တော်ခေါင်းဆောင်များက UWSA တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း ပြောဆိုကြသည်။ ဤသည်ကား ကျယ်ပြန့်လာသော မဟာဗျူဟာမြောက် မဟာမိတ် ဆက်ဆံရေးကို ဖော်ပြနေသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ယာယီအပစ်အခတ်ရပ်စဲခဲ့ပြီး ၎င်းသည် ပြည်သူများ၏ အခက်အခဲများ လျော့ပါးစေရန် လိုအပ်ခြင်းကြောင့်ဖြစ်သည်ဟု အာရက္ခတပ်တော်ကပြောဆိုထားသည်။ သို့သော်လည်း အပစ်အခတ်ရပ်စဲရေး ထိန်းသိမ်းထားနိုင်ရေးနှင့် ပတ်သက်ပြီး သံသယရှိခဲ့ကြသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် (၆၂) နှစ်မြောက် ကချင်တော်လှန်ရေးနေ့တွင်လည်း အာရက္ခတပ်တော်က သဝဏ်လွှာပို့ သတင်းစကားပါးခဲ့သည်။ အာရက္ခတပ်တော်ထူထောင်ခြင်း (၁၄) ကြိမ်မြောက် နှစ်ပတ်လည်နေ့ ၂၀၂၃ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် သဝဏ်လွှာပို့သည့် အဖွဲ့ အရေအတွက် (၁၉) ဖွဲ့ ထိ ရှိလာခဲ့သည်။ ထို (၁၉) ဖွဲ့တွင် တိုင်းရင်းသား လက်နက်ကိုင် (၂) ဖွဲ့၊ ပြည်သူ့ ကာကွယ်ရေးအဖွဲ့ (၁၁)ဖွဲ့နှင့် လူမျိုးစုအခြေပြုကာကွယ်ရေး အဖွဲ့ (၆)ဖွဲ့ ပါဝင်သည်။ ပိုမို စိတ်ဝင်စားစရာဖြစ်သည်ကား ကြေညာချက်များတွင် ပါဝင်သည့် စကားလုံး အသုံးအနှုန်းများနှင့် ဖော်ပြချက်များ ဖြစ်သည်။ ဥပမာ အနေဖြင့် ညီနောင် သုံးဖွဲ့ မှ TNLA

နှင့် MNDAAတို့က “ **အတူတူ တိုက်ပွဲ ဝင်ကြမည်၊ အာရက္ခတပ်တော်တပ်သားများ ကျန်းမာပါစေ**” ဟု ဖော်ပြထားသည်။ ဤသည်ကား ၂၀၂၃ ခုနှစ် ‘၁၀၂၇ စစ်ဆင်ရေး’ကို မီးမောင်းထိုးပြခြင်းဖြစ်သည်။



ထို့အပြင် တချိန်တည်းမှာ NUG ကာကွယ်ရေးဝန်ကြီးဌာနကလည်း အာရက္ခတပ်တော်သည် တနိုင်ငံလုံး အတိုင်းအတာဖြင့် လက်နက်ကိုင်တော်လှန်ရေးကို ကူညီပေးနေကြောင်းနှင့် စစ်ရေးနှင့် နိုင်ငံရေးတွင် အောင်မြင်စေကြောင်း ဆုတောင်းမေတ္တာပို့သထားသည်။ ကြေညာချက်များနှင့် ပတ်သက်ပြီး အခြားသော အရေးပါသော အချက်တစ်ခုမှာ Chin Defense Force-Asho (CDF-Asho)၊ Asho Chin Defense Force (ACDF)၊ People's Liberation Army (PLA/CPB)၊ People's Independence Organization/People's Independence Army (PIO/PIA)၊ People's Revolution Alliance-Magway (PRA-Magway)၊ People's Revolutionary Front (PRF)၊ Students Armed Force (SAF) နှင့် Thunder Guerrilla Force တို့ တော်လှန်ရေး အဖွဲ့ (၈) ခု၏ ပူးတွဲထုတ်ပြန်ချက် ဖြစ်သည်။ ပထဝီအနေအထားအရ ဤအဖွဲ့အစည်းများသည် မကွေးတိုင်းနှင့် ရခိုင်ရိုးမအရှေ့ပိုင်းတွင် လှုပ်ရှားသည်။ ၎င်းတို့ ထုတ်ပြန်ချက်တွင် **"မိမိတို့ အနေဖြင့် အာရက္ခတပ်တော်၏ သင်ကြားပေးမှုနှင့် အကူအညီပေးမှုများကို အမြဲသတိရနေမည်ဖြစ်ကြောင်းနှင့် ယင်းတို့အား ပြည်သူ ကောင်းစားရေးအတွက် အသုံးချ သွားမည် ဖြစ်ကြောင်း"** ပြောဆိုထားသည်။

မြေပုံတွင် ဖော်ပြထားသကဲ့သို့ သဝဏ်လွှာပေးပို့သော တော်လှန်ရေးအဖွဲ့များသည် ၂၀၂၂ ခုနှစ်တွင် (၁၄) ဖွဲ့ထက် ၂၀၂၃ ခုနှစ်တွင် (၁၉) ဖွဲ့ထိ မြင့်တက်လာခဲ့သည်။ ထို့ပြင် အာရက္ခတပ်တော်သည် အသစ်ပေါ်ပေါက်လာသည့် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် (၂) နှစ်ပြည့်ခဲ့သော BPLA ကဲ့သို့ အဖွဲ့အစည်းများနှင့်လည်း ခိုင်မာသောဆက်ဆံရေးတည်ဆောက်ထားသည်။ ဤသည်ကား ရခိုင်ပြည်ပြင်ပတွင်လည်း အာရက္ခတပ်တော်သည် လူမျိုးစုများနှင့် ဆက်ဆံရေးတည်ဆောက် ထားရှိကြောင်းကို ဖော်ပြသည်။ အရေးကြီးသည်မှာ အာရက္ခတပ်တော်သည် ပိုမိုကျယ်ပြန့်သော နိုင်ငံရေးဆွေးနွေးပွဲများတွင်လည်း ပါဝင်ခဲ့သည်။ ၂၀၂၃ ခုနှစ် မေလတွင် ညီနောင်သုံးဖွဲ့သည် 'ဝ'ဒေသ ပန်ဆန်းတွင် ကျင်းပခဲ့သည့် FPNCC ဆွေးနွေးပွဲတွင် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ တက်ရောက်ဆွေးနွေးခဲ့သည်။ ၂၀၂၃ ခုနှစ် ဇွန်လတွင် တရုတ်က စီစဉ်မှုကြောင့် စစ်ကောင်စီ၏ ငြိမ်းချမ်းရေးကော်မတီနှင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့တို့ ဆွေးနွေးခဲ့သည်။ ဤသည်ကား အာရက္ခတပ်တော်၏ စစ်ရေးနှင့် နိုင်ငံရေး ညှိနှိုင်းမှုနစ်ခုလုံးကို ဟန်ချက်ညီညီ ကျင့်သုံးနေသည်ကို ဖော်ပြနေသည်။

အချုပ်အားဖြင့် အာဏာသိမ်းပြီးနောက် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော်၏ မဟာဗျူဟာသည် မဟာမိတ်ဟောင်းများနှင့် ပူးပေါင်းဆောင်ရွက်အင်အားတည်ဆောက်ခြင်း၊ အသစ်ပေါ်ပေါက်လာသည့် လက်နက်ကိုင်တော်လှန်ရေးတပ်များအား ထောက်ပံ့ကူညီခြင်း နှင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပါဝင်ခြင်း စသည်တို့က အာရက္ခတပ်တော်သည် ပိုမိုကျယ်ပြန့်လာမည့် ထိတိုက်တိုက်ပွဲများကို မြန်မာစစ်တပ်နှင့် ရင်ဆိုင်ရန်အတွက် ကြိုတင်ခန့်မှန်းတွက်ချထားပုံရသည်။ ဤကြိုးပမ်းမှုများက အာရက္ခတပ်တော်အား ၁၀၂၇ စစ်ဆင်ရေးကဲ့သို့သော စစ်ဆင်ရေးကြီးများအတွက် ပြင်ဆင်ခြင်းအပါအဝင် ပြည်တွင်းပဋိပက္ခများ၌ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လာစေသည်။

# အခန်း (၄)

## မြန်မာပြည်အနောက်ပိုင်းဒေသတွင်း အာရက္ခတပ်တော်၏ ဩဇာလွှမ်းမိုးမှု နှင့် နိုင်ငံတဝှမ်း စစ်အာဏာရှင်တော်လှန်ရေးတွင် အာရက္ခတပ်တော်၏ အခန်းကဏ္ဍ

(၁၀၂၇ စစ်ဆင်ရေးနောက်ပိုင်း အခြေအနေများအား လေ့လာဆန်းစစ်ခြင်း)

### က။ ။ ၁၀၂၇ စစ်ဆင်ရေးနှင့် အာရက္ခတပ်တော်

အာရက္ခတပ်တော်သည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်နေ့၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ညီနောင်မဟာမိတ်အဖွဲ့ဝင်များက ဦးဆောင်သော '၁၀၂၇ စစ်ဆင်ရေး'၌ ပါဝင်ခဲ့သည်။ ဤစစ်ဆင်ရေးသည် ဒေသတွင်းတိုက်ပွဲများထက်ကျော်လွန်၍ မြန်မာနိုင်ငံအတွင်း စစ်ရေးနှင့် နိုင်ငံရေးအာဏာကို ပြောင်းလဲစေသည့် စစ်ဆင်ရေးအဖြစ်ပေါ်ထွက်လာခဲ့သည်။ အဆိုပါ စစ်ဆင်ရေးသည် အာရက္ခတပ်တော်အတွက် စစ်ရေးအောင်မြင်မှုတခုသာမက နိုင်ငံတဝှမ်းရှိ နိုင်ငံရေး နှင့်စစ်ရေးအရ အရေးပါသည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့အဖြစ် အသိအမှတ်ပြု ရပ်တည်လာစေသည့် အရေးကြီးသော စစ်ဆင်ရေးတစ်ခုဖြစ်လာခဲ့သည်။

စစ်ဆင်ရေး၏ ပထမလှိုင်းအတွင်း အဓိကတိုက်ပွဲဖြစ်ရာဒေသများတွင် နမ္မတူမြို့နယ်၊ သိန္နီနှင့် ကွမ်းလုံမြို့နယ်ရှိဒေသများ၊ လောက်ကိုင်မြို့နယ်နှင့် လားရှိုးမြို့နယ်တို့ ပါဝင်သည်။ ၎င်းအပြင် ကချင်ပြည်နယ်ဒေသတချို့တွင်လည်း ပူးပေါင်းစစ်ဆင်ရေးများ ဖြန့်ကျက်ခဲ့သည်ဟုလည်း အစီရင်ခံစာများတွင် ဖော်ပြထားသည်။ သတိပြုဖွယ်ဖြစ်ရပ်တစ်ခုမှာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်နေ့တွင် အာရက္ခတပ်တော်သည် ရှမ်းပြည်နယ်မြောက်ပိုင်းသိန္နီနှင့် ကွမ်းလုံမြို့နယ်အကြားရှိ နာတီကျေးရွာအနီးမှစခန်းကို သိမ်းပိုက်နိုင်ခြင်းဖြစ်သည်။ MNDAA ၏ ပြောရေးဆိုခွင့်ရှိသူ လီကျာဝင်း၏ အဆိုအရ အဆိုပါစခန်းအား '၁၀၂၇ စစ်ဆင်ရေး'၏ တစိတ်တပိုင်းအဖြစ် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်နေ့ ညနေပိုင်းတွင် အာရက္ခတပ်တော်မှ သိမ်းပိုက်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါတိုက်ပွဲအတွင်း သိမ်းယူခဲ့သည့် စစ်ကောင်စီ၏ လက်နက်များနှင့် ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေကို ဆက်လက်စုံစမ်းနေဆဲဖြစ်ကြောင်း People's Spring သတင်းစာမျက်နှာမှ အောက်တိုဘာလ ၂၃ တွင် ဖော်ပြခဲ့သည်။ ထို့အပြင် MNDAA မှ ညီနောင်မဟာမိတ်၏ ပူးပေါင်းစစ်ဆင်ရေးတွင် အာရက္ခတပ်တော်၏ တပ်ရင်း (၁၀) ခုခန့် ပါဝင်နေပြီး၊ ၎င်းတို့တွင် တပ်ရင်း အမှတ် (၃၃) နှင့် (၁၃၃) တို့လည်း ပါဝင်ခဲ့ကြောင်း ထပ်မံဖော်ပြခဲ့သည်။ **"မနေ့ည ၁၀ နာရီလောက်က ကျွန်တော်သိရတာကတော့၊ နာတီရွာအနီးက စစ်ကောင်စီတပ်စခန်းကို ကျွန်တော်တို့ရဲ့မဟာမိတ် အာရက္ခတပ်တော်က သိမ်းယူလိုက်တာပါပဲ"** ဟု MNDAA၏ ပြောခွင့်ရပုဂ္ဂိုလ် လီကျာဝင်း က ပြောကြားခဲ့သည်။

၂၀၂၃ အောက်တိုဘာ ၂၇ ရက်နေ့တွင်ထုတ်ပြန်ခဲ့သော ကြေညာချက်အတွင်း **"ညီနောင်မဟာမိတ်သုံးဖွဲ့ မှ အဖွဲ့တစ်ဖွဲ့၏အရေးကိစ္စသည် သုံးဖွဲ့လုံး၏ အရေးကိစ္စဖြစ်သည်"** ဟု ဖော်ပြချက်သည် အာရက္ခတပ်တော်၊ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် မြန်မာ့အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်(MNDAA) တို့ပါဝင်သည့် ညီနောင်မဟာမိတ်သုံးဖွဲ့၏ အပြန်အလှန်ယုံကြည်မှု၊ နိုင်ငံရေးရည်မှန်းချက် နှင့် စုပေါင်းကာကွယ်ရေးအားကောင်းမှုတို့ကို မီးမောင်းထိုးပြခဲ့သည်။ ထို့အပြင် အဆိုပါ ထုတ်ပြန်ချက်သည် '၁၀၂၇ စစ်ဆင်ရေး' ကို ညီနောင်မဟာမိတ်သုံးဖွဲ့၏ တစုတစည်းဖြစ်သော စစ်ရေးနည်းဗျူဟာကို ထင်ဟပ်စေပြီး 'ပြည်သူများအားကာကွယ်ရန်၊ စစ်ကောင်စီ၏ တိုက်ခိုက်မှုများကိုတုံ့ပြန်ရန်နှင့် စစ်အာဏာရှင်စနစ်ကို အပြီးတိုင်ဖျက်သိမ်းရန်' ဟူသော နိုင်ငံရေးရည်မှန်းချက်နှင့်တကွ ဆယ်နှစ်ကြာညီအစ်ကိုမဟာမိတ်ဆက်ဆံရေးကို ထင်ရှားစေခဲ့သည်။ စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ BPLA ကဲ့သို့သော ဗမာလူမျိုးအခြေပြု တော်လှန်ရေးအဖွဲ့များကလည်း ဤစစ်ဆင်ရေးတွင် ပါဝင်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဗမာလူမျိုးအခြေပြုတော်လှန်ရေးအဖွဲ့များ၏ စစ်ဆင်ရေးတွင် ပူးပေါင်းပါဝင်မှုသည် အာရက္ခတပ်တော် နှင့် မဟာမိတ်များ၏ ဦးဆောင်မှုနှင့် ညှိနှိုင်းမှုအခန်းကဏ္ဍကို ထင်ဟပ်စေပြီး၊ BPLA ကဲ့သို့ အသစ်စတင်ဖွဲ့စည်းသော တော်လှန်ရေးအဖွဲ့များအနေဖြင့် စစ်ရေးစွမ်းရည်နှင့် နိုင်ငံရေးတည်မြဲမှုတို့ကို ပူးပေါင်းတော်လှန်မှုဖြင့် တည်ဆောက်နိုင်ရန်အခွင့်အလမ်းဖြစ်လာကြောင်း ပြသခဲ့သည်။ '၁၀၂၇ စစ်ဆင်ရေး'သည် စစ်ကောင်စီကို ဆန့်ကျင်သော ညီနောင်မဟာမိတ်များ၏ စစ်ရေးစွမ်းရည်ကို အားကောင်းစေရုံ သာမက အသစ်ပေါ်ထွက်လာသော

တော်လှန်ရေးတပ်ဖွဲ့များအတွက်လည်း စစ်ရေး လေ့ကျင့်ရာ စစ်မြေပြင်ဖြစ်လာပြီး နိုင်ငံအဝှမ်းတော်လှန်ရေးလှုပ်ရှားမှုများကိုလည်း တိုးတက်စေလာခဲ့သည်။

မဟာမိတ်တပ်များ ပူးပေါင်းစစ်ရေးလှုပ်ရှားမှုသည် ရှမ်းမြောက်နှင့် ကချင်ပြည်နယ် သာမက ၂၀၂၃ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်းတွင် အာရက္ခတပ်တော်နှင့် ၎င်း၏ မဟာမိတ်တပ်များသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်နှင့် မကွေးတိုင်းဒေသကြီးရှိ ထီးလင်းမြို့နယ်များ၌ စစ်ရေးလှုပ်ရှားမှုများကို တိုးချဲ့ခဲ့သည်။ ထိုတိုက်ပွဲများတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs)၊ ဒေသခံကာကွယ်ရေးတပ်ဖွဲ့များနှင့် မြောက်ပိုင်းမဟာမိတ် အဖွဲ့ဝင်များပါဝင်ခဲ့ကြသည်။ ထိုသို့ စစ်ဆင်ရေးတိုးချဲ့မှုများသည် အာရက္ခတပ်တော်မှ ၎င်း၏ တပ်ဖွဲ့များကို ရှမ်းမြောက်ဒေသနှင့် ရခိုင်ဒေသအပြင်သို့ တိုးချဲ့လာနိုင်ခြင်းကို ပြသနေပြီး နိုင်ငံအဝှမ်း စစ်ရေးလှုပ်ရှားမှုကို ဦးဆောင်နိုင်သော လက်နက်ကိုင်တပ်ဖွဲ့အဖြစ် အရေးပါသည်ကိုလည်းကောင်း၊ မဟာမိတ်တပ်ဖွဲ့များနှင့် ချိတ်ဆက်လုပ်ဆောင်မှုစွမ်းရည်ကိုလည်းကောင်း ထင်ဟပ်စေသည်။

## ခ။ ။ အာရက္ခတပ်တော် ၏ စစ်ရေးမဟာမိတ်အသစ်များ တည်ဆောက်ခြင်း

အာရက္ခတပ်တော်သည် ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်များအပြင် စစ်ကိုင်းတိုင်းတောင်ပိုင်း၊ မကွေးတိုင်းမြောက်ပိုင်းနှင့် အနောက်ပိုင်း၊ ပဲခူးတိုင်း နှင့် ဧရာဝတီတိုင်း အနောက်ပိုင်းဒေသများအထိ ၎င်း၏ စစ်ဆင်ရေးလှုပ်ရှားမှုများနှင့် တပ်ဖွဲ့တည်ရှိမှုများကို တိုးချဲ့ခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် အာရက္ခတပ်တော်၏ အင်အားကြီးထွားလာမှုသည် ယခင်နှစ်များနှင့် သိသိသာသာ ကွာခြားလာခဲ့သည်။ အာရက္ခတပ်တော်တည်ထောင်ပြီး (၁၅) နှစ်တာကာလအတွင်း ရခိုင်ဒေသရှိ မြို့နယ် (၉) ခု ဖြစ်သော ပလက်ဝ၊ ပေါက်တော၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ ပုဏ္ဏားကျွန်း၊ ရမ်းဗြဲ နှင့် ရသေ့တောင်တို့ကို ထိန်းချုပ်နိုင်ခဲ့ပြီး၊ မြို့သိမ်းတိုက်ပွဲများ ထပ်မံသိမ်းယူရန်လည်း တိုက်ပွဲများဖော်ဆောင်နေဆဲဖြစ်သည်။ ထိုသို့ စစ်ရေးအရအောင်မြင်မှုများနှင့်အတူ ၂၀၂၄ ခုနှစ် ဧပြီ ၁၀ ရက်နေ့တွင် ကျရောက်သော အာရက္ခတပ်တော် တည်ထောင်သည့် (၁၅) နှစ်မြောက် အထိမ်းအမှတ်နေ့တွင် တော်လှန်ရေးတပ်ဖွဲ့ (၂၅) ဖွဲ့ မှ ဂုဏ်ပြုသဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။ ထိုအဖွဲ့များတွင် လူမျိုးစုလက်နက်ကိုင်အဖွဲ့ (EAOs) ၃ ဖွဲ့၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs) ၁၄ ဖွဲ့နှင့် လူမျိုးစုပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (E-PDFs) ၈ ဖွဲ့ ပါဝင်ခဲ့သည်။ EAOs များအနက်မှ အင်အားအကြီးဆုံးဖြစ်သော ဝပြည် သွေးစည်း ညီညွတ်ရေး ပါတီ (UWSP) မှ ပေးပို့သည့် သဝဏ်လွှာ တွင် **“ဝလူမျိုးနှင့် ရခိုင်လူမျိုးသည် ခင်မင်ရင်းနှီးသောလူမျိုးများဖြစ်ပြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဒေသအလိုက် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် အပြန်အလှန် ကူညီနိုင်မည်ဟု မျှော်လင့်ပါသည်”** ဟု ဖော်ပြထားခဲ့သည်။

အဆိုပါ သဝဏ်လွှာသည် UWSP မှ အာရက္ခတပ်တော်၏ နှစ်ပတ်လည်အခမ်းအနားသို့ ပထမဆုံးအကြိမ်ပေးပို့ခဲ့သော သဝဏ်လွှာဖြစ်ပြီး၊ ၎င်းတို့အကြား ရှင်းလင်းသော သံတမန်ဆက်ဆံရေးကို ထင်ဟပ်စေသည်။ ထို့အပြင် ညီနောင်မဟာမိတ် (၃) ဖွဲ့၏ ကြေညာချက်တွင်လည်း အလွန်ရိုးရှင်းရဲ့ ပြတ်သားသော ခံယူချက်တစ်ရပ်အဖြစ် **“နိုင်ငံရေး၊ စစ်ရေးရည်မှန်းချက်များ ပြည့်ဝသည်အထိ အာရက္ခတပ်တော်နှင့် လက်တွဲသွားမည်”** ဟု အတိအလင်းဖော်ပြခဲ့သည်။

အလားတူပင် တိုင်းရင်းသား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ များအနက်မှ တပ်တော်မွေးနေ့အတွက် ဂုဏ်ပြုလွှာပို့ပေးခဲ့သော အဖွဲ့များတွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သော “ချင်းညီနောင် အဖွဲ့” ပါဝင်ခဲ့ပြီး၊ ထိုအဖွဲ့တွင် ချင်းလူမျိုးအခြေပြု ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (၆) ဖွဲ့ပါဝင်သည်။ အဆိုပါ အဖွဲ့များတွင်

(၁) ဇိုမီးဖက်ဒရယ်ယူနီရံ (Zomi Federal Union)

(၂) ချင်းကာကွယ်ရေးတပ်ဖွဲ့ – မင်းတပ် (Chin Defence Force – Mindat)

(၃) ချင်းအမျိုးသားကာကွယ်ရေးအဖွဲ့ (Chin National Organization/CNDF)

(၄) မရာနယ်မြေအုပ်ချုပ်ရေးကောင်စီ (Maraland Territorial Council /MDF)

(၅) ချင်းကာကွယ်ရေးတပ်-ကန်ပက်လက် (Chin Defence Force-Kanpetlet)

(၆) ချင်းကာကွယ်ရေးတပ်-မတူပီ (တပ်မဟာ-၁) (Chinland Defence Force- Matupi (Brigade-1)) တို့ ပါဝင်ပြီး ၎င်းတို့၏ ဂုဏ်ပြုလွှာတွင်

**“ ရခိုင် နှင့် ချင်း ဒေသ နှစ်ခုလုံး၏ အဆုံးစွန်သော စစ်ရေး၊ နိုင်ငံရေး အောင်မြင်မှုများရရှိရန် အာရက္ခတပ်တော်နှင့် လက်တွဲဆောင်ရွက်မည်”** ဟု ထုတ်ပြန်ခဲ့သည်။ အဆိုပါအဖွဲ့များအနက် တာဝန်ရှိသူတစ်ဦးမှ **“အာရက္ခတပ်တော်နှင့် လက်တွဲလုပ်ဆောင်ခြင်းသည် ဤတော်လှန်ရေးကာလအတွင်း ပူးပေါင်းဆောင်ရွက်ခြင်းတစ်ခုမဟုတ်ဘဲ ရခိုင်နှင့် ချင်းလူမျိုးများအကြား ဆက်ဆံရေးအပြန်အလှန်တိုးတက်လာရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးတက်လာရေးကို**

**ရေရှည်ရည်မှန်းချက်အဖြစ် ထားရှိထားခြင်းဖြစ်သည်”** ဟုလည်း ပြောကြားခဲ့သည်။ ဗမာလူမျိုးအခြေပြု တော်လှန်ရေးအဖွဲ့များအနက် People's Defence Force – ပုသိမ်ခရိုင်နှင့် People's Defence Force – ဟင်္သာတခရိုင် အဖွဲ့၏ စစ်ရေးလှုပ်ရှားမှုများမှာ အာရကန်ရိုးမ၏ အရှေ့ဖက်ခြမ်းထိ ဖြန့်ကျက်လာခဲ့သည်။ သုတေသနစစ်တမ်းများအရ အဆိုပါ တပ်ဖွဲ့များသည် ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ဟင်္သာတ၊ ဇလွန် နှင့် လေးမျက်နှာ မြို့နယ်များတွင် စစ်ရေးလှုပ်ရှားမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ၎င်းတို့၏ သဝဏ်လွှာများအရ **“အာရကန်ဒေသ၏ အိမ်နီးချင်းအနေဖြင့် အပြန်အလှန်ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုသည်”** ဟု လည်း ဖော်ပြထားသည်။ အာရက္ခတပ်တော်တည်ထောင်နေ့အခမ်းအနားအတွက် ဂုဏ်ပြုသဝဏ်လွှာများ ပေးပို့ခဲ့သော တော်လှန်ရေး တပ်ဖွဲ့ (၂၅) ဖွဲ့မှာ အောက်ပါ အတိုင်းဖြစ်သည်။



ထို့အပြင် ခရစ်စမတ်လက်ဆောင်အဖြစ် မရာတပ် (MDF) အား နွားသုံးကောင် လက်ဆောင်ပေးခြင်းသည် အာရက္ခတပ်တော်၏ မဟာမိတ်တည်ဆောက်မှု၊ အာရက္ခတပ်တော်၏ သံသတမန်ရေးရာပါးနပ်မှုတို့ကို ထင်ဟပ်စေသည်။ ထိုမဟာမိတ်ဆက်ဆံရေးသည် အာရက္ခတပ်တော်အတွက် စစ်အင်အားတစ်ခုသာမက တိုင်းရင်းသားတော်လှန်ရေး လှုပ်ရှားမှုခရီးအတွက် ယုံကြည်ထိုက်သော နိုင်ငံရေးမဟာမိတ် အဖြစ်လည်း ပိုမိုအရေးပါလာကြောင်း သိသာစေသည်။ ထို့အပြင် မင်းတပ်နှင့် ဖလမ်းတိုက်ပွဲများအတွင်းတွင် “Operation CB” ဟု အမည်ပေးထားသည့် စစ်ဆင်ရေးအကြီးစားကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၉ ရက်နေ့မှ စတင်ဖော်ဆောင်ခဲ့ပြီး၊ အဆိုပါစစ်ဆင်ရေးကို CB (Chin Brotherhood) မှ ဦးဆောင်သော်လည်း မြောက်ပိုင်းညီနောင်မဟာမိတ် (၃) ဖွဲ့ မှ စစ်ရေးဆိုင်ရာ နည်းဗျူဟာ နှင့် ညွှန်ကြားမှုများကို လုပ်ဆောင်ခဲ့သည်။

ထို CB စစ်ဆင်ရေးတွင် ချင်းပြည်နယ်ရှိ စစ်တပ်စခန်းပေါင်း (၁၂) ခု သိမ်းယူနိုင်ခဲ့ပြီး၊ စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင် (၁၇၀) ကျော် လက်နက်ချကာ၊ လက်နက်ပေါင်း ရာနဲ့ချီပြီး သိမ်းယူနိုင်ကြောင်းကိုလည်း သတင်းထုတ်ပြန်ချက်များတွင် တွေ့ရသည်။ ၎င်းအပြင် အဆိုပါစစ်ဆင်ရေးအတွက် အာရက္ခတပ်တော်မှ လက်နက်၊ စစ်ရေးဆိုင်ရာနည်းပညာ နှင့် ထောက်ပံ့ရေးကဏ္ဍတွင်အရေးပါသော ကူညီမှုများ ဆောင်ရွက်ပေးခဲ့သည်ဟုလည်း သတင်းထုတ်ပြန်ချက်များတွင် တွေ့ရသည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ (၂၁) ရက်နေ့တွင် မင်းတပ်ခရိုင်ကို ပြည်သူ့တပ်ဖွဲ့ CB မှ အလုံးစုံ သိမ်းယူနိုင်ခဲ့ပြီး၊ ထိုအောင်မြင်မှုအတွက် အာရက္ခတပ်တော်၏ လက်နက်ထောက်ပံ့မှုနှင့် စစ်ဗျူဟာဆိုင်ရာ ကူညီမှုအရေးပါသည်ဟု CB သည် တရားဝင် ထုတ်ပြန် ကြေညာခဲ့သည်။ CB ၏ ကြေညာချက်တွင် - **“အာရက္ခတပ်တော်သည် မင်းတပ်မြို့ သိမ်းယူရာတွင် အရေးပါသော စစ်ရေးအကြံဉာဏ်များ၊ လက်နက်ခဲယမ်းများ နှင့် စစ်အင်အားအကူညီများပေးအပ်ခဲ့သည်”** ဟု ထုတ်ပြန်ခဲ့သည်။

အာရက္ခတပ်တော်၏ ထောက်ပံ့မှုများသည် ချင်းတိုင်းရင်းသားတော်လှန်ရေးတပ်ဖွဲ့များ၏ တိုက်ခိုက်ရေးစွမ်းရည်နှင့် နယ်မြေထိန်းချုပ်မှုစွမ်းရည်များကို တိုးတက်လာစေခဲ့ပြီး၊ ချင်းပြည်နယ်အတွင်း စစ်ကောင်စီတပ်များကို အားနည်းစေခဲ့သည်ဟုလည်း ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။ ထို့အပြင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်နေ့တွင် မွန်နှင့် ပအိုဝ်းလက်နက်ကိုင်အဖွဲ့များဖြစ်သော Pa-O National Liberation Organization (PNLO)၊ Pa-O National Federal Council (PNFC)၊ New Mon State Party – Anti-Dictatorship (NMSP-AD) နှင့် Mon State Federal Council (MSFC) တို့မှ ထုတ်ပြန်ကြေညာချက်များတွင် အာရက္ခတပ်တော်၏ စစ်အောင်မြင်မှုများကို ဂုဏ်ပြုဖော်ပြခဲ့ကြသည်။ ၎င်းကြေညာချက်များတွင် အာရက္ခတပ်တော်၏ အောင်မြင်မှုသည် လူမျိုးစုတော်လှန်ရေးတပ်ဖွဲ့များ၏ စစ်အာဏာရှင်ဆန့်ကျင်ရေး အတွက် ခွန်အားတစ်ရပ်အဖြစ် ရှုမြင်ကြောင်းလည်း ဖော်ပြခဲ့ကြသည်။

ထိုသို့ လူမျိုးစုတော်လှန်ရေးတပ်ဖွဲ့များမှ အသိအမှတ်ပြုမှုများသည် နိုင်ငံအဝှမ်း စစ်အာဏာရှင်ဆန့်ကျင်သည့် တော်လှန်ရေးတွင် အာရက္ခတပ်တော်၏ ဦးဆောင်မှုအခန်းကဏ္ဍ အရေးပါမှုကို ပြသပြီး ၎င်း၏ ဒေသတွင်းတရားဝင်အသိအမှတ်ပြုမှုနှင့် လွှမ်းမိုးနိုင်မှုကို ထင်ရှားစေသည်။ ရခိုင်ပြည်ပြင်ပတွင် အာရက္ခတပ်တော်သည် အဓိကလူမျိုးစုများနှင့် မဟာမိတ်ဖွဲ့စည်းမှုကို တိုးမြှင့်ခြင်းဖြင့် ၎င်း၏ နိုင်ငံရေးတန်ဖိုးနှင့် တရားဝင်မှုကို ခိုင်မာလာစေပြီး၊ တိုင်းရင်းသားဒေသအတွင်း အာဏာရှိမှုနှင့် အသိအမှတ်ပြုမှုတိုးလာရန် အခြေခံအဖြစ် ဆောင်ရွက်ခဲ့သည်။ နိုင်ငံရေးနှင့် စစ်ရေးလှုပ်ရှားမှုအပြင် အာရက္ခတပ်တော်သည် လူမှုရေးနှင့် လူသားချင်းစာနာမှု အကူအညီများကိုလည်း ထောက်ပံ့ခဲ့ပြီး၊ အဆိုပါ လှုပ်ရှားမှုများသည် အာရက္ခတပ်တော်အား အင်အားကြီးလက်နက်ကိုင်တပ်ဖွဲ့အဖြစ် အသိအမှတ်ပြုမှုများကို ရရှိလာခဲ့သည်။ ဥပမာ အနေဖြင့်- ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်မြို့တွင် နေရပ်စွန့်ခွာပြည်သူများအတွက် အခြေခံစားသောက်ကုန်/သုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ အဖြစ်အပျက်များသည် အာရက္ခတပ်တော်ခေါင်းဆောင်များမှ အာရကန်ဒေသပြင်ပရှိဒေသများကို မိမိတို့၏အရေးကြီးသောမဟာမိတ်ဒေသများအဖြစ် ရှုမြင်သည်ကို သိသာစေသည်။

## *ခ.က။ ။အာရကန်ရိုးမ၏ အရှေ့ဖက်ခြမ်းသို့ ဖြန့်ကျက်ခြင်း*

၁၀၂၇ စစ်ဆင်ရေး အောင်မြင်မှုနှင့်အတူ အာရက္ခတပ်တော်သည် ၂၀၂၅ ခုနှစ်အတွင်း ၎င်း၏ မဟာဗျူဟာမြောက် စစ်ရေးလှုပ်ရှားမှုများကို ဖြန့်ကျက်လာခဲ့ပြီး နိုင်ငံအဝှမ်း စစ်အာဏာရှင် တော်လှန်ဆန့်ကျင်ရေးတွင် ၎င်း၏ အရေးပါမှုကို သက်သေပြခဲ့သည်။ အာရကန်ဒေသကျော်လွန်၍ မကွေး၊ ပဲခူး နှင့် ဧရာဝတီတိုင်းဒေသကြီးများသို့ စစ်ရေးလှုပ်ရှားမှုများကို ကျယ်ပြန့်စွာ ဆောင်ရွက်လာခဲ့သည်။ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတလျှောက် စစ်ရေးလှုပ်များမှုများကို အရှိန်တင်လာခဲ့ပြီး အဆိုပါ နယ်မြေချဲ့ထွင်မှုဖြင့် ၎င်း၏ တော်လှန်ရေးကာလအတွင်း မဟာမိတ် ရပ်တည်ချက်ကို ခိုင်မာစေသည်။ ၂၀၂၅ အစပိုင်းတွင် အာရက္ခတပ်တော်သည် ၎င်း၏ စစ်ရေးလှုပ်ရှားမှုများကို အရှိန်အဟုန်တိုးမြှင့်ခဲ့ပြီး ဂွ-သိုင်းချောင်းလမ်း၊ ဧရာဝတီတိုင်းဒေသကြီး

သာပေါင်းနှင့် ရေကြည်မြို့နယ်၊ ပုသိမ်မြို့နယ် မကျီးဇင်ရွာ နှင့် ဘောမိကျေးရွာများရှိ စစ်ကောင်စီ၏ တပ်စခန်းများကို ထိုးစစ်ဆင်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူး-အာရကန်နယ်စပ်၊ အာရကန်ရိုးမတောင်တန်း အနားရှိ ပန်းတောင်းမြို့နယ်၊ အမ်း-မင်းဘူးလမ်း နှင့် အမ်း-ပဒါန်းလမ်းတလျှောက် တိုက်ပွဲများဖြစ်ပွားခဲ့သည်။

၂၀၂၅ ဇန်နဝါရီ ၃ ရက်နေ့ မှ စတင်ခဲ့သော စစ်ဆင်ရေးအတွင်း အာရက္ခတပ်တော်သည် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းအနီးရှိ စစ်ကောင်စီ ဗေဒါစစ်စခန်းကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်ကို DMG သတင်းတွင် ဖော်ပြထားသည်။ အခြားသတင်းများအရ ၎င်းသည် ၂၀၂၅ ဇန်နဝါရီ ၁ ရက်နေ့မှ စတင်ကာ အာရကန်-ပဲခူးနယ်စပ်ရှိ တောင်ပုန်ကြီးစခန်းကို တိုက်ခိုက်ခဲ့ပြီး၊ အဆိုပါ စခန်းသည် အာရက္ခတပ်တော်မှ ၂၀၂၄ ဒီဇင်ဘာ ၁၄ ရက်နေ့တွင် တောင်ကုတ်မြို့ သိမ်းပိုက်ပြီး နောက်ဆုံးကျန်ရှိခဲ့သော စစ်ကောင်စီ၏ စခန်းများအနက်မှ တစ်ခုဖြစ်သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့မှ စတင်ကာ အာရက္ခတပ်တော်နှင့် မဟာမိတ်တပ်ဖွဲ့များသည် ဧရာဝတီကမ်းရိုးတန်းတလျှောက် ထိုးစစ်စတင်ခဲ့ပြီး ပုသိမ်မြို့နယ်ရှိ ရွှေသောင်ယံအနီး မကျီးဇင်ရွာ နှင့် အနီးအနားဒေသများကို သိမ်းပိုက်နိုင်ခဲ့ကြသည်။ ဇန်နဝါရီ ၁၃ ရက်နေ့တွင် မကျီးဇင်ရွာအား သိမ်းပိုက်နိုင်ခြင်းသည် အရေးပါသည့်အောင်မြင်မှုတစ်ခုဖြစ်ပြီး၊ စစ်ကောင်စီအတွက် အရေးပါသော ထိန်းချုပ်နယ်မြေများအနီးအနားသို့ အာရက္ခတပ်တော်၏ ထိုးစစ်များ ပိုမိုနီးကပ်လာခဲ့သည်။ ဒေသခံပြည်သူတစ်ယောက်ပြောကြားချက်အရ အာရက္ခတပ်တော်နှင့် မဟာမိတ် တပ်ဖွဲ့များသည် မကျီးဇင်-သစ်ဖြူ လမ်းရှိ စစ်ကောင်စီ၏ ကျားခေါင်း တပ်စခန်းကို သိမ်းပိုက်ခဲ့သည်ဟု သိရသည်။

ထို့အပြင်၊ အာရက္ခတပ်တော်၏ မဟာမိတ်တပ်ဖွဲ့များဖြစ်သည့် PRA-Magway၊ SAF နှင့် CDF-Asho တို့သည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ငဖဲမြို့နယ်ရှိ အန်း–ပဒါန်လမ်းမအနီး၌ တည်ရှိသည့် စစ်ကောင်စီ၏ နတ်ရေကန်စခန်းကိုလည်း သိမ်းပိုက်နိုင်ခဲ့ကြသည်။ အဆိုပါစခန်းသည် စစ်ကောင်စီ၏ စစ်အင်အားကိုဖြည့်တင်းပေးနေသည့် စစ်ရေးအရအရေးပါသော စခန်းတစ်ခုဖြစ်သည်။ ထိုစခန်းကိုတိုက်ခိုက်ပြီးနောက် အာရက္ခတပ်တော်တပ်ဖွဲ့များသည် နီးစပ်စခန်းအချို့ကိုလည်း သိမ်းပိုက်နိုင်ခဲ့ပြီး၊ ဒေသအတွင်း စစ်ကောင်စီတပ်များ စစ်အင်အားဖြည့်တင်းနိုင်မှုကို ဟန့်တားစေနိုင်ခဲ့ပြီး စစ်ရေးအင်အားအချိုးအစားကို အပြောင်းအလဲဖြစ်စေခဲ့သည်။ PRA-Magway၊ SAF နှင့် CDF-Asho တို့ကဲ့သို့သော မဟာမိတ်တပ်ဖွဲ့များနှင့်အတူ အာရက္ခတပ်တော်သည် စစ်ကောင်စီ၏ အခိုင်အမာတည်ဆောက်ထားသော စစ်စခန်းများကို သိမ်းပိုက်ခဲ့ပြီး၊ တော်လှန်ရေးအင်အားစုများမှ စစ်အင်အားအရ သာလွန်သော အခြေအနေတစ်ရပ်ကို ဖန်တီးယူနိုင်ခဲ့သည်။

နိုင်ငံတဝှမ်း စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာသော အာရက္ခတပ်တော်၏ ဧပြီ ၁၀ ရက်၊ ၂၀၂၅ ခုနှစ်တွင်ကျရောက်သော တပ်တော်ဖွဲ့စည်းခြင်း ၁၆ နှစ်ပြည့် အထိမ်းအမှတ်နေ့တွင် တော်လှန်ရေးအင်အားစုတပ်ဖွဲ့ (၃၂) ဖွဲ့ ဂုဏ်ပြုသဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။ ၎င်းတို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) ၄ ဖွဲ့၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs) ၁၆ ဖွဲ့၊ တိုင်းရင်းသား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (E-PDFs) ၁၀ ဖွဲ့ ပါဝင်သည်။ အာရက္ခတပ်တော်၏ စစ်ရေးလှုပ်ရှားမှုများ တိုးချဲ့လာသည်နှင့်အမျှ ဂုဏ်ပြုသဝဏ်လွှာပေးပို့သည့် တော်လှန်ရေးအင်အားစုအဖွဲ့များလည်း တိုးလာခဲ့သည်။ ထို့အပြင် ဂုဏ်ပြုသဝဏ်လွှာများပေးပို့သည့် အဖွဲ့အသစ်များလည်း ပါဝင်လာပြီး၊ ၎င်းတို့တွင် မွန်လွတ်မြောက်ရေးတပ်မတော် (MLA)၊ ကူကီးပြည်သွေးစည်းညီညွတ်ရေးကောင်စီ (UKSC)၊ မြေလတ်ဗမာကာကွယ်ရေးတပ်ဖွဲ့၊ ဗမာ့တပ်တော် (Burma Army)၊ ဒေါင်းစစ်သည် (စစ်ကြောင်း) (Peacock Soldiers Column)၊ ယောတပ်တော် (Yaw Army) နှင့် ယာယီခူမီးရေးရာအကြံပေးကောင်စီ / ချင်းကာကွယ်ရေးတပ်ဖွဲ့ – ပလက်ဝ (CDF-Paletwa) တို့လည်း ပါဝင်လာသည်။

အဆိုပါ ဂုဏ်ပြုသဝဏ်လွှာများအနက်မှ မန္တလေးပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF Mandalay) ၏ သဘောထားထုတ်ပြန်ချက်မှာ စိတ်ဝင်စားဖွယ်ရာ ထုတ်ပြန်ချက်တစ်ရပ်ဖြစ်သည်။ ၎င်းတွင် **"အာရက္ခတပ်တော်၏ အောင်မြင်မှုသည် စစ်အာဏာရှင်စနစ် ဆန့်ကျင် တိုက်ဖျက်နေသူ အားလုံး အတွက် အံ့ဩဖွယ်လှုပ်ရှားမှုဖြစ်ပြီး၊ အေအေ ၏ စည်းစနစ်ကျမှု၊ စည်းလုံးမှု၊လေ့ကျင့်မှု နှင့် ရဲစွမ်းသတ္တိတို့ ကို လေးစားမိပါတယ်"** ဟု ဖော်ပြထားသည်။ အလားတူပင် CB (Chin Brotherhood Alliance) သည် မတူပီ၊ မင်းတပ်၊ ကျင်ဒွေး၊ ကန်ပက်လက် မြို့တို့ကို ထိန်းချုပ်ရာတွင် အာရက္ခတပ်တော်၏အခန်းကဏ္ဍကို ၎င်းတို့၏ သဝဏ်လွှာတွင် တိတိကျကျဖော်ပြထားပြီး **"ချင်းတောင်တန်းဒေသရှိ မြို့များလွတ်မြောက်ရေးအတွက် လေ့ကျင့်ရေး၊ လက်နက်ထောက်ပံ့ရေးနှင့် နိုင်ငံရေးထောက်ခံမှုများပေးသည့်အတွက် အာရက္ခတပ်တော် ကို ကျေးဇူးတင်ရှိပါသည်။ အနာဂတ်တွင် အပြန်အလှန် အကျိုးပြုရေးကိုမျှော်လင့်ပါသည်"** ဟု ဆိုသည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အာရက္ခတပ်တော်သို့

ဂုဏ်ယူကြောင်း သဝဏ်လွှာ ပေးပို့ သဘောထားထုတ်ပြန်သောအဖွဲ့အရေအတွက်မှာ ၂၀၂၁ တွင် (၂) ဖွဲ့မှစ၍ ၂၀၂၂ တွင် (၁၄) ဖွဲ့၊ ၂၀၂၃ တွင် (၁၉) ဖွဲ့၊ ၂၀၂၄ တွင် (၂၅) ဖွဲ့၊ ၂၀၂၅ တွင် (၃၂) ဖွဲ့အထိ တဖြည်းဖြည်းတိုးလာခဲ့ကြောင်း အောက်ဖော်ပြပါ မြေပုံတွင် ဖော်ပြထားသည်။



အာရက္ခတပ်တော်၏ သြဇာလွှမ်းမိုးမှုချဲ့ထွင်ခြင်းနှင့် ၎င်း၏ ကြီးထွားလာနေသော မိတ်ဖက်များ၊ စစ်ရေး၊ နိုင်ငံရေးနှင့် လူမှုရေးတို့က နိုင်ငံ၏ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများတွင် အဓိကကျသော အခန်းကဏ္ဍတစ်ခုအဖြစ်အတည်ပြုပြီး မြန်မာနိုင်ငံအနောက်ပိုင်းဒေသဆိုင်ရာ အုပ်ချုပ်ရေးနှင့် တည်ငြိမ်ရေးတို့အတွက် သိသာထင်ရှားသော သက်ရောက်မှုများနှင့်အတူ အာရက္ခတပ်တော်၏ သြဇာလွှမ်းမိုးမှု ချဲ့ထွင်လာခဲ့သည်။ ၁၀၂၇ စစ်ဆင်ရေး အောင်မြင်မှုသည် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် / အာရက္ခတပ်တော်၏ တနိုင်ငံလုံးဆိုင်ရာ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ရုံသာမက မြန်မာနိုင်ငံအနောက်ပိုင်းတွင် ပိုမိုခိုင်မာသော ဒေသဆိုင်ရာထိန်းချုပ်မှုနှင့် လွှမ်းမိုးချုပ်ကိုင်နိုင်မှု ပိုမိုရရှိရန် လမ်းခင်းပေးခဲ့သည်။ ရှမ်းမြောက်ဒေသရှိ အာရက္ခတပ်တော်၏ အမာခံနယ်မြေများတွင် ၎င်းတို့တည်ရှိမှု ပိုမိုခိုင်မာလာသည့် အချိန်တွင် ချင်းပြည်နယ်တောင်ပိုင်းနှင့် အာရကန်ရိုးမ အရှေ့ဖက်ခြမ်းတို့၌လည်း ပိုမိုခြေကုပ်ယူလာနိုင် ခဲ့သည်။ ထိုသဘောအရ မြန်မာနိုင်ငံအနောက်ပိုင်းတွင် အာရက္ခတပ်တော်၏ သြဇာချဲ့ထွင်လာခြင်းသည် သီးခြားဖြစ်ရပ်တစ်ခု မဟုတ်ဘဲ သက်ဆိုင်ရာဒေသများတွင် စစ်ရေးနှင့်နိုင်ငံရေးသစ်လားရာ အခြေအနေများ ဖွံ့စည်းလာစေသော အရေးပါသော အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

# အခန်း (၅)

## နိဂုံး

ဤသုတေသနသည် အာရက္ခနိဒေသပြင်ပတွင် အာရက္ခတပ်တော်၏ လှုပ်ရှားမှုများကို အခြေခံထားပါသည်။ ဤလှုပ်ရှားမှုများသည် ကချင်ပြည်နယ်၊ ရှမ်းမြောက်ဒေသ (အထူးသဖြင့် တအောင်း၊ ကိုးကန့်နှင့် ဝဒေသများ)၊ ကရင်ပြည်နယ်ရှိ တပ်မဟာ (၅)၊ ချင်းပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တောင်ပိုင်းနှင့် ရောဝတီမြစ်အနောက်ဘက်ဖက်ရှိ မကွေး၊ ပဲခူး နှင့် ရောဝတီတိုင်းဒေသကြီးများ ပါဝင်သည်။ ၂၀၀၉ မှ ၂၀၂၀ နှစ်အတွင်း ကချင်နှင့် ရှမ်းမြောက်ဒေသများ၌ အာရက္ခတပ်တော်၏ တိုးတက်လာမှုသည် အခြေခံအဆင့်အဖြစ် အရေးပါခဲ့သည်။ အဆိုပါဒေသများသည် မြန်မာစစ်တပ် ဆန့်ကျင်ရာတွင် အရေးပါသော အာရက္ခတပ်တော် တည်ထောင်ရာနေရာအဖြစ် ခိုလှုံခွင့်နှင့် အရင်းအမြစ်များ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု နှင့် ၂၀၁၆၊ ၂၀၁၇နှင့် ၂၀၁၈ခုနှစ်များတွင် မဟာမိတ်ဖွဲ့စည်းမှုများအတွက် အထောက်အပံ့ပေးသောနေရာများ ဖြစ်ခဲ့သည်။ ထို့ကြောင့် ထိုဒေသများရှိ အာရက္ခတပ်တော်၏ လှုပ်ရှားမှုများသည် ၎င်း၏ စစ်ရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးကြီးခဲ့သည်။

၂၀၂၁ စစ်အာဏာသိမ်းမှုအပြီးမှစတင်ကာ ၂၀၂၃ အောက်တိုဘာလ '၁၀၂၇ စစ်ဆင်ရေး' ထိ အာရက္ခတပ်တော်ခေါင်းဆောင်များသည် နိုင်ငံရေးမတည်ငြိမ်မှုကို မဟာဗျူဟာမြောက်စွာဖြင့် ကောင်းစွာအသုံးချနိုင်ခဲ့သည်။ အာရကန်ဒေသတွင်း တစ်ဖက်သတ် အပစ်အခတ်ရပ်စဲထားချိန်တွင် အာရက္ခတပ်တော်သည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs) နှင့် တိုင်းရင်းသား PDF များ (E-PDFs) စုစုပေါင်း ၃၀ ကျော်ကို ထောက်ပံ့ခဲ့သည်။ ၁၀၂၇ စစ်ဆင်ရေးသည် အာရကန်ဒေသတွင်း အာရက္ခတပ်တော်၏ နယ်မြေထိန်းချုပ်မှုကို တိုးမြှင့်စေသည့်အပြင် ချင်းပြည်တောင်ပိုင်း နှင့် အာရကန်ရိုးမှ အရှေ့ဖက်ဒေသများ၌ အာရက္ခတပ်တော်၏ လွှမ်းမိုးနိုင်မှုကို တိုးစေခဲ့သည်။ မြန်မာပြည် မြောက်ပိုင်းဒေသရှိ မဟာမိတ်များနှင့်မတူဘဲ ချင်းပြည်တောင်ပိုင်းနှင့် ရောဝတီအနောက်ပိုင်းဒေသများရှိ လက်နက်ကိုင်တပ်ဖွဲ့များအား ထောက်ပံ့ခြင်းသည် စစ်ရေး နှင့် မဟာဗျူဟာဆိုင်ရာ ရည်ရွယ်ချက်များအပေါ် အခြေခံသည်။ ၂၀၂၄ နှောင်းပိုင်းအချိန်တွင် အာရက္ခတပ်တော်သည် အာရကန်ဒေသ၏ ၉၀ ရာခိုင်နှုန်းထက်ပိုသောဒေသကို ထိန်းချုပ်ထားပြီး မြန်မာနိုင်ငံအနောက်ပိုင်းတွင် ၎င်း၏ ဩဇာလွှမ်းမိုးမှုကို ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့သည်။ တခါက ဖယ်ကျဉ်ခံခဲ့ရသော လူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့ တဖွဲ့ဖြစ်ခဲ့သည့် အာရက္ခတပ်တော်သည် ယခုအခါတွင် မြန်မာနိုင်ငံ၏ အဓိကကျသော လူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့အဖြစ် ပေါ်ထွက်လာခဲ့ပြီး အနာဂတ်မြန်မာနိုင်ငံ၏ လုံခြုံရေးနှင့် နိုင်ငံရေး အခင်းအကျင်းအတွက် အရေးပါသော အခန်းကဏ္ဍကို ဦးဆောင်နေသည်။